မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကိုဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၈၎)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
၂၀၂၆ ခုနှစ်၊ မေ ၆ ရက်၊ ဗုဒ္ဓဟူးနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကၠ အဓိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၠ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒ အမှာစကားပြောကြား

လူငယ်တိုင်းသည် နိုင်ငံကို ဦးဆောင်နိုင်သူမဖြစ်သော်လည်း လူငယ်အားလုံးသည် နိုင်ငံတော်၏အနာဂတ်ကို အကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်

နေပြည်တော် မေ ၅

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ လူရည်ချွန်မောင်မယ်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက်၍ ဩဝါဒအမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်နှင့်လေကြောင်းလူငယ်များတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပပြုလုပ်မည့် Naypyitaw State Academy သို့ရောက်ရှိရာ တာဝန်ရှိသူများနှင့် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်မောင်မယ်များက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက "နိုင်ငံတော်သစ်၏စွမ်းအားရှင်များ" အစီအစဉ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားတွင် ဝန်ကြီးဌာနများအလိုက် ပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ⋆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်
၂၀၂၆ ခုနှစ် ငွေဆောင်လူရည်ချွန်စခန်းအထိမ်းအမှတ်အလံကို
လူရည်ချွန်မောင်မယ်များထံပေးအပ်စဉ်။



အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၆ ရက်)

နိုင်ငံအတွက်အကျိုးရှိသည့် စံပြလူငယ်များ

နိုင်ငံတော်အစိုးရသည် လူငယ်များကို အထူးတလည်ပြုစုပျိုးထောင်ပေးလျက်ရှိရာတွင် လူရည်ချွန်စီမံကိန်းများဆောင်ရွက်ခြင်းမှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ လူရည်ချွန်ဆိုသည်မှာ ကျောင်းသား၊ ကျောင်းသူများစွာထဲမှ ထူးခြားစွာထက်မြက်ထူးချွန်သူများဖြစ်သည်။ ကာယအား၊ ဉာဏ်အား၊ စာရိတ္တအား၊ မိတ္တအား၊ ဘောဂအား စသည့်အားအင်ပြည့်ဝနေသူများလည်းဖြစ်သည်။ စာပေတစ်ခုတည်းတော်ရုံဖြင့် လူရည်ချွန်မဖြစ်နိုင်သလို ကျန်းမာရေးကောင်းမွန်နေရုံ၊ အားကစားထူးချွန်နေရုံမျှဖြင့်လည်း ဖြစ်နိုင်သည်မဟုတ်ပေ။ ရိုးသား၍ ပညာထူးချွန်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ အများအကျိုးငှာ ကိုယ်ကျိုးစွန့်သူ၊ တာဝန်ကျေပွန်သူ စသည်ဖြင့် အရည်အချင်းပေါင်းများစွာ ပြည့်စုံနေရမည်ဖြစ်သည်။

လူရည်ချွန်အဖြစ် ရွေးချယ်ခံရသူများမှာ မိဘဆရာသမားများအတွက် ဂုဏ်ယူဖွယ်ကောင်းလှသလို မိမိတို့ကျောင်း၏ဂုဏ်ကိုလည်း မြှင့်တင်ပေးခြင်းဖြစ်သည်။ လူရည်ချွန်ရွေးချယ်ရာ၌ ကျောင်းအဆင့်တွင် အတန်းအလိုက် အမြင့်ဆုံးရမှတ်များရရှိထားရသည်။ အဆင့်ဆင့်သောစစ်ဆေးမှုများကို ကျော်ဖြတ်ရသည်။ လူရည်ချွန်စီမံကိန်းတွင် ပါဝင်ယှဉ်ပြိုင်မည့်လူငယ်မောင်မယ်များအား စိစစ်ရွေးချယ်ရာတွင် ပညာရပ်စွမ်းဆောင်ရည်၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကိုယ်ကာယကြံ့ခိုင်မှုတို့ကိုအဓိကထား၍ ဘက်စုံထောင့်စုံမှ အကဲဖြတ်စစ်ဆေးကြရသည်။

ကျောင်းအဆင့်၊ မြို့နယ်အဆင့်မှသည် ခရိုင်အဆင့်အထိ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့်စာရိတ္တပိုင်းဆိုင်ရာများကို စနစ်တကျစိစစ်ရွေးချယ်ခံရခြင်းဖြစ်သဖြင့် လူရည်ချွန်မောင်မယ်များသည် မိမိတို့ကိုယ်တိုင် ထိုက်ထိုက်တန်တန်ဂုဏ်ယူထိုက်သည့်အပြင် အခြားလူငယ်များအတွက်လည်း အားကျအတုယူဖွယ် စံပြလူငယ်မောင်မယ်များဖြစ်သည်။ လူငယ်မောင်မယ်များအနေဖြင့် ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းကိုတည်ဆောက်သွားနိုင်ကြရန်ဖြစ်သည်။ လူငယ်ဆိုသည်မှာ မိမိနိုင်ငံ၏အနာဂတ်ကို အကောင်းဆုံးဖန်တီးတည်ဆောက်နိုင်သူများဖြစ်သည်။

မြန်မာနိုင်ငံတွင် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သည်။ ထိုအချိန်က ထူးချွန်သောလူရည်ချွန်များသည် ငယ်စဉ်က ထူးချွန်ထက်မြက်ခဲ့ကြသလို ကြီးပြင်းလာသောအခါ နိုင်ငံတော်တွင် ကြီးမားသောတာဝန်များကိုထမ်းဆောင်နိုင်ခဲ့ကြသည်။ ယနေ့လူရည်ချွန်မောင်မယ်များသည်လည်း အနာဂတ်တွင် နိုင်ငံတော်တာဝန်များကို မလွဲမသွေထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ လူရည်ချွန်တစ်ဦးဖြစ်လာရေးမှာ ငယ်ရွယ်စဉ်ကတည်းက ဘက်ပေါင်းစုံကြိုးစားကြရသည်။ ကြိုးစားမှုနှင့်အတူ ရိုးသားမှုလည်းရှိနေရသည်။ လူရည်ချွန်စီမံကိန်းနှင့်ပတ်သက်၍ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ၂၅ နှစ်တိုင်တိုင် နှစ်စဉ်မပျက်ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ယာယီရပ်နားခဲ့သည်။

၂၀၁၃ ခုနှစ်တွင် လူရည်ချွန်စီမံကိန်းများကိုပြန်လည်စတင်ခဲ့သည်။ ထိုသို့စတင်ရာတွင် လူရည်ချွန်အမည်အစား "ဘက်စုံပညာထူးချွန်လူငယ်"အမည်ဖြင့် ပြန်လည်စတင်ခဲ့သည်။ တစ်ဖန် ၂၀၁၈ ခုနှစ်တွင် "လူရည်ချွန်" ဟူသောအမည်ဖြင့် ပြန်လည်ပြင်ဆင်အကောင်အထည်ဖော်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေများကြောင့် ခေတ္တရပ်နားခဲ့ရသည်။ လူငယ်ကဏ္ဍသည် နိုင်ငံအတွက် အလွန်အရေးပါသည့်အတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် လူရည်ချွန်စီမံကိန်းများကို ပြန်လည်အကောင်အထည်ဖော်ပေးခဲ့သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်လူရည်ချွန်မောင်မယ်များကို အခြေခံပညာကဏ္ဍသာမက အဆင့်မြင့်ပညာကဏ္ဍဘာသာရပ်အထူးပြုအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများပါ ရွေးချယ်ပေးခဲ့သည်။ သို့သော် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ပေါ်ပေါက်လာခဲ့သော မန္တလေးငလျင်ကြီးကြောင့် လူရည်ချွန်များအတွက် စခန်းဖွင့်လှစ်ကျင်းပဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ယခုပညာသင်နှစ်ဖြစ်သည့် ၂၀၂၅-၂၀၂၆ တွင် အခြေခံနှင့်အဆင့်မြင့်ပညာကဏ္ဍတို့မှ ထူးချွန်လူရည်ချွန်မောင်မယ်များကို နေပြည်တော်၊ ပြင်ဦးလွင်၊ အင်းလေး၊ ငွေဆောင်နှင့်ချောင်းသာလူရည်ချွန်စခန်းတို့သို့ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်သည်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နဝမတန်း ၉၆ ဦး၊ ဒသမတန်း ၁၃၂ ဦး၊ ဧကာဒသမတန်း ၁၃၃ ဦး၊ ဒွါဒသမတန်း ၉၉ ဦး၊ တက္ကသိုလ်ပထမနှစ်နှင့် ဒုတိယနှစ်မှ ၂၉၁ ဦး စုစုပေါင်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၇၅၁ ဦးနှင့် ကြီးကြပ်ဆရာ၊ ဆရာမ ၁၀၂ ဦးတို့ဖြစ်သည်။

လူရည်ချွန်မောင်မယ်များအနေဖြင့် **"မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်"** ဆိုသည့် ကျောင်းကောင်စီကတိကဝတ်နှင့်အညီ ကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက်ပါ အကျိုးရှိသည့် စံပြလူငယ်များဖြစ်အောင် ကြိုးစားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျိုးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မဖြစ်ကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့ချရေးနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျော့ချရေးအကြောင်း အသိပညာပေးဆွေးနွေး

ပန်းတောင်း မေ ၅

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့ချရေးနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျော့ချရေးအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မေလ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သူကျော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးသန်းဇော်ထွေးက မီးခိုးမြူငွေ့ကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်း၊ ပြင်းထန်သော ရာသီဥတုအခြေအနေများ တိုးပွားလာခြင်း၊ အပင်နှင့်တိရစ္ဆာန်များအပေါ် သက်ရောက်မှုများနှင့်ရောဂါပိုးမွှားများ ပိုမိုပျံ့နှံ့လာခြင်းအကျိုးဆက်များ ဖြစ်လာနိုင်ကြောင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုမဖြစ်ပေါ်စေရန် စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းမပြုလုပ်ရန်၊ စွန့်ပစ်အမှိုက်များကို မီးရှို့ခြင်း သို့မဟုတ် ဟင်းလင်းပြင်အမှိုက်ပုံများသို့ စွန့်ပစ်ခြင်းမပြုလုပ်ရန်၊ အိမ်သုံးနှင့် စက်ရုံသုံးစွန့်ပစ်အရည်နှင့်အနည်အနှစ်များအတွက် သင့်လျော်သော စုစည်းသိမ်းဆည်းခြင်းနှင့် သန့်စင်ခြင်းစနစ်ကိုကျင့်သုံးရန်၊ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များအား မီးရှို့ခြင်းမပြုဘဲ မြေဆွေးပြုလုပ်၍ တောင်ယာမီးရှို့ခြင်းနှင့် ဟင်းလင်းပြင်မီးရှို့ခြင်းများအစား ပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းစေသောနည်းလမ်းများကျင့်သုံးရန်၊ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ်၊ နည်းစနစ်များနှင့် ဇီဝဓာတ်မြေဩဇာအသုံးပြုမှုကို ပိုမိုဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းဟောပြောဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့ချရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

အေးမိုး(ပြန်/ဆက်)

မြဝတီ ခုနစ်၌ The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းမကြီး၊ ပုဇွန်ဒိုရိုမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဖေဖြော်လ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ငပုတောမြို့နယ်မှ ဒေသတွင်းနှင့် ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလက ဓနိချပ်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ငပုတော မေ ၅

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ဒေသတွင်းနှင့် ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလက ဓနိချပ်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဓနိရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နီနီဝင်း၏ပြောပြချက်အရ သိရသည်။

ငပုတောမြို့နယ်မှ ထွက်ရှိသော ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ဓနိချပ် ၅၇၀၀၀၀ ခန့်, အထိတင်ပို့ရောင်းချနိုင်ခဲ့ကာ ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ဓနိချပ် ၇၅၀၀၀၀ ခန့် အထိတင်ပို့ရောင်းချနိုင်ခဲ့သည်။

'' ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ဧပြီလတစ်လအတွင်း ဓနိချပ်အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနိချပ်တွေက အရည်အသွေးကောင်းတဲ့အတွက် ဒေသတွင်းနဲ့ ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းခဲ့တာပါ'' ဟု ဒေါ်နီနီဝင်းကပြောသည်။

ငပုတောမြို့နယ်၌ ဒေသခံအများစုက ဓနိစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြကြောင်း၊ ထိုသို့ဓနိချပ်များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ဓနိထိုးလုပ်သားများနှင့် ဓနိပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်



တောင်ကြီးမြို့ရှိ သစ်သီးဈေးကွက်၌ ဟန်မြင့်မိုရ်ကျေးရွာမှထွက်ရှိသော စိန်တစ်လုံးသရက်သီးများ အရောင်းအဝယ်သွက်နေ



တောင်ကြီး မေ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ သစ်သီးဈေးကွက်၌ ဟန်မြင့်မိုရ် ကျေးရွာမှထွက်ရှိသော စိန်တစ်လုံးသရက်သီးများ အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

ပြည်တွင်း၌ သရက်သီးမှည့်များသည် နှစ်စဉ် ဧပြီလမှစ၍ ဇူလိုင်လအထိထွက်ရှိပြီး မေလသည် သရက်သီးမှည့်အပေါဆုံးလဖြစ်ရာ ယခုအခါ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ် ကျေးရွာမှထွက်ရှိသော စိန်တစ်လုံးသရက်သီးများ တောင်ကြီးမြို့ရှိသစ်သီးဈေးကွက်အတွင်း စတင်ဝင်ရောက်လာပြီဖြစ်သည်။

တောင်ကြီးမြို့မှ ဒေသခံများသည် စိန်တစ်လုံးသရက်သီးကို အထူးကြိုက်နှစ်သက်ကြပြီး လက်ရှိတွင် တောင်ကြီးဈေးကွက်၌ အရည်အသွေးကောင်းမွန်သော စိန်တစ်လုံးသရက်သီးအရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးသတ်မှတ်ရောင်းချကြောင်း သိရသည်။

ပြည်တွင်း၌ သရက်သီးမှည့်များစပေါ်ချိန်သည် ဒေသတစ်ခုနှင့်တစ်ခု ရက်အနည်းငယ်စီကွာခြားမှုရှိပြီး အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာမှထွက်ရှိသော စိန်တစ်လုံးသရက်သီးသည် အနုံ၊ အရသာနှင့် အရည်အသွေး အကောင်းဆုံးဖြစ်ကာ စားသုံးသူများ အထူးကြိုက်နှစ်သက်ကြကြောင်း သိရသည်။

ဆောင်းဦး

ပန်းဘဲတန်းမြို့နယ်၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနမှ မေလ ၄ ရက်က နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိမြတ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများတိုးပွားစေရန်နှင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန် ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပန်းဘဲတန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းစံရွှေက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းများ ဖွင့်လှစ်ပေးမှုအပေါ် မုဒိတာစကားပြောကြားပြီး သင်တန်းဆရာ ဦးနွဲ့မြင့်သိန်းက အခြေခံပန်းချီရေးဆွဲနည်းပညာ စနစ်တကျတတ်မြောက်စေရန်၊ လူပုံရေးဆွဲနည်း၊ ရှုခင်းပုံရေးဆွဲနည်း၊ အခြေခံမျဉ်းရေးဆွဲနည်း၊ ကာလာအရောင်ဆက်စပ်မှုစသည့် ပန်းချီပညာရပ်တို့ကို သင်ကြားပို့ချပေးပြီး သင်တန်းသား၊ သင်တန်းသူတို့လိုက်နာရမည့်စည်းကမ်းချက်များကို ပြောကြားသည်။

အဆိုပါ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းကို မေလ ၄ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တာမွေမြို့နယ်၌ နွေရာသီကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီကွန်ပျူတာသင်တန်းဆင်းပွဲကို မေလ ၄ ရက်က အဆိုပါမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခွဲ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုမို့အောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။


ထို့နောက် သဃ်နန်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စည်သူက မုဒိတာစကားပြောကြားပြီး မြို့နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့သို့ ရန်ပုံငွေပေးအပ်လှူဒါန်းသည်။ ယင်းနောက် သင်တန်းနည်းပြဆရာက သင်ခန်းစာပို့ချချက်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုမို့အောင်က သင်တန်းနည်းပြဆရာများအား အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တာမွေမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲခေါင်က သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူပြီး သင်တန်းသား မောင်မျိုးမင်းအောင်က သင်တန်းဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ နွေရာသီကွန်ပျူတာသင်တန်းကို ဧပြီလ ၆ ရက်မှ မေလ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးပြီး တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ ကွန်ပျူတာနည်းပညာနှင့်ပတ်သက်သည့် အခြေခံသဘောသဘာဝများကို သိရှိနားလည်ပြီး လက်တွေ့ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

မြဝတီ ကာတွန်း



ကမ္ဘဖလ

တင့်တယ်

ယမန်နေ့မှအဆက်

ထို့နောက် ကျွန်ုပ်တို့သားအမိသည် အဒေါ်ကြီးနှင့်အတူ ခေါင်းရင်းအိမ်သို့ ကူးခဲ့ကြ၏။ ရောက်သောအခါ မိခင်သည် အတွင်းခန်းတစ်ခုသို့ သုတ်သီးသုတ်ပျာဝင်သွား၏။ ကျွန်ုပ်ကား အဒေါ်ကြီးနှင့်အတူ မီးဖိုချောင်သို့ပါခဲ့လျက် မရိုက်စဖူး မိခင်၏ အရိုက်ခံရသည်အထိ တောင့်တပူဆာမိသော ထမင်းပူပူကို အားရပါးရ စားရပေတော့သည်။ ထို့နောက် ဆယ်ရက်ခန့်ကား ကျွန်ုပ်နှင့် မိခင်တို့သည် အိမ်သို့ပင် ပြန်မအိပ်ရတော့ဘဲ အထည်သည်လင်မယား၏အိမ်၌သာ စားကာသောက်ကာ နေကြရ၏။ အကြောင်းမှာမူ ကျွန်ုပ် လောကၻ ပထမဦးဆုံးအကြိမ် မိခင်၏အရိုက်ကိုခံရသောနေ့က အထည်သည်ယောကျ်ားကြီး၏ဇနီးမှာ သားဦးသမီးဦး မိန်းကလေးတစ်ယောက်ကို ဖွားမြင်သောကြောင့် ကျွန်ုပ်၏မိခင်မှာ မုန့်ပျားသလက်ဆိုင်မထွက်ရဘဲ ဆယ်ရက်ခန့် စောင့်ရှောက်နေကြရသောကြောင့်ဖြစ်ပေသည်။

ကျွန်ုပ်၏မိခင် ကျွန်ုပ်အား မရိုက်စဖူးရိုက်သော ထိုနေ့ကို ကျွန်ုပ် မမေ့။ ကျွန်ုပ် ကြိုးစင်၌ အသက်သေရသည့်အခါမှ မေ့လေတော့မည်။ အဘယ်ကြောင့်ဆိုသော် မိခင် ကျွန်ုပ်အား ရိုက်မိရှာသောအကြိမ်သည် ပထမအကြိမ်ဖြစ်သည်သာမက နောက်ဆုံးအကြိမ်လည်း ဖြစ်ပေ၏။ မိခင်သည် ကျွန်ုပ်အား ဒုတိယအကြိမ် ရိုက်မိရန် အချိန်မရရှာတော့ပေ။ အချိန်မရရှာသည့်အကြောင်းမှာကား ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်အား ပထမအကြိမ် ရိုက်မိရှာသည့်နောက်တွင် ခြောက်လခန့်သာ သက်ဆိုးရှည်ရှာတော့သောကြောင့်ဖြစ်၏။ ယင်းသို့ သက်ဆိုးမရှည်ရှာသော မိခင်၏ ယူကျုံးမရ ကြေကွဲဖွယ်အဖြစ်ဆိုးသည် ကျွန်ုပ်၏ဝိညာဉ်ကို ပြတ်လုတဲကာဖြစ်အောင် ဓားဖြင့်ထစ်လိုက်သော နောက်ဆုံး တတိယအထစ်ကြီးပင် ဖြစ်ပေတော့သည်။

သေသေချာချာမှတ်မိသေး၏။ ကျွန်ုပ်တို့နေထိုင်ရာ မြို့ကလေး၌ ဘုရားပွဲတော်လုပ်သောအခါသမယတွင်ဖြစ်၏။ ဘုရားပွဲတော်မှာ နှစ်စဉ်ကျင်းပမြဲဖြစ်သောပွဲတော်ဖြစ်ရာ တောမှ လယ်သမား၊ ချောင်းသမားများ အလွန်ကျသောပွဲတော်ဖြစ်၍ ဤပွဲတော်၌ ကျွန်ုပ်၏ဖခင် သဘင်သည်၏ဇာတ်ကို ရုံသွင်း၏။ ကျွန်ုပ်၏မိခင်မှာကား ... ပွဲရုံ၏ ဘေးနားက လူရှင်းရာ လက်ပံပင်ကြီး၏အောက်တွင် လေးတိုင်စင်ကလေး ထိုးကာ ငါးပေါင်းကြော်ကြော်၍ ရောင်းရပေသည်။ ငါးပေါင်းကြော်ကြော်နိုင်လောက်သော ငွေအရင်းအနှီးမှာ မျက်နှာမြင်စဉ်က စောင့်ရှောက်ခဲ့သောကျေးဇူးကြောင့် အထည်သည်လင်မယားတို့က ကျေးဇူးဆပ်သည့်သဘောဖြင့် ထုတ်၍ပေးကြသော ငွေရင်းကလေးဖြစ်လေသည်။ မိခင်လည်း မုန့်ပျားသလက်ရောင်းသည်ထက် အမြတ်အစွန်းပို၍ထွက်သော ငါးပေါင်းကြော်လုပ်ငန်းကို လုပ်ချင်နေသည်မှာ ယခင်အတော်ကြာကပင်ဖြစ်ရာ ငွေရင်းကလေးထုတ်ပေးသောအခါ၌ သိန်းထီကြီးပေါက်သလောက် ဝမ်းမြောက်ရှာသည်။ ငါးပေါင်းကြော်မှ နေ့စဉ်အမြတ်မှာ မုန့်ပျားသလက်ထက်များသဖြင့် ကျွန်ုပ်တို့သားအမိမှာ ယခင်ကကဲ့သို့ မငတ်ကြတော့ပေ။ အနည်းငယ်ချောင်လည်လာ၏။ မိခင်သည် အထည်သည်လင်မယားတို့ထုတ်ပေးသော ငွေရင်းကလေးကိုပင် တစ်ဖဲ့ပြီးတစ်ဖဲ့ ဖဲ့ရွဲ့ကာ ဆပ်နိုင်ခဲ့၏။

ဤသို့ အခြေကလေး လူးသာလွန့်သာဖြစ်သောအချိန်၌ ဆိုခဲ့သော ဘုရားပွဲတော်ချိန်ဆိုက်ရောက်လာပေရာ မိခင်သည် ဘုရားပွဲတော်ရက်အတွင်း၌ ငါးပေါင်းကြော်တွေ အများကြီးကြော်၍ ရောင်းလိုက်မည်၊ အမြတ်တွေရလာသောအခါ အထည်သည်လင်မယားထံ ကျန်သမျှ

"ကျွန်ုပ်၏မိခင် ကျွန်ုပ်အား မရိုက်စဖူးရိုက်သော ထိုနေ့ကို ကျွန်ုပ်မမေ့။ ကျွန်ုပ် ကြိုးစင်၌ အသက်သေရသည့်အခါမှ မေ့လေတော့မည်။ အဘယ်ကြောင့်ဆိုသော် မိခင် ကျွန်ုပ်အား ရိုက်မိရှာသောအကြိမ်သည် ပထမအကြိမ်ဖြစ်သည်သာမက နောက်ဆုံးအကြိမ်လည်းဖြစ်ပေ၏။ မိခင်သည် ကျွန်ုပ်အား ဒုတိယအကြိမ် ရိုက်မိရန် အချိန်မရရှာတော့ပေ။ အချိန်မရရှာသည့်အကြောင်းမှာကား ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်အား ပထမအကြိမ် ရိုက်မိရှာသည့်နောက်တွင် ခြောက်လခန့်သာ သက်ဆိုးရှည်ရှာတော့သောကြောင့်ဖြစ်၏။ . . ."

ငွေရင်းကို ပြန်ဆပ်လိုက်မည်၊ သားအတွက် စွပ်ကျယ်ကလေး၊ ရုပ်ကလေး ဝယ်မည်၊ ဘုန်းကြီးတစ်ပါးလည်း ဆွမ်းလုပ်ကျွေးမည် စသည်ဖြင့် မျှော်လင့်ချက်တွေအများကြီးထား၍ ကြိုးစားပြင်ဆင်ထားရှာလေသည်။

သို့နှင့် ပွဲတော်ရက်သို့ ရောက်လာ၏။ ရောက်လာသောအခါတွင် မိခင်၏ငါးပေါင်းကြော်ဆိုင်မှာ ဇာတ်ရုံ၏နံဘေး မှောင်ရိပ်ခပ်ကျကျ နေရာဖြစ်သောကြောင့် ချက်အရက်ပုလင်း ခါးကြားထိုးလာကြသော သူများသည် မီးလင်းသောဆိုင်များထက် ပို၍သဘောကျကြသဖြင့် ပွဲဦးမထွက်မီတွင် ဆိုင်မှာ လူကြိတ်ကြိတ်တိုးလျက်ရှိ၏။ အရက်သမားတို့ဘဝ ပိုက်ဆံကို နှမြောဖို့ စိတ်ကူးမျှပင် မထည့်အား၊ သူတို့ကို ရောင်းချရသဖြင့်လည်း ပွဲတော်ရက်သုံးရက်ခန့်နှင့်ပင် မိခင်သည် အထည်သည် လင်မယားအား ပေးဆပ်ရန်ကျန်သေးသော ငွေကလေးများကို အပြီးအပြေပေးဆပ်နိုင်ခဲ့၏။ ပွဲတော်ရက်မှာ လေးရက်ကျန်သေးလေရာ ငါးပေါင်းကြော်ဆိုင်ရှိ ဘူးသီး၊ ပဲဆီ၊ ဒယ်အိုး၊ စားပွဲဝိုင်း၊ ကျူဖျာ၊ လက်ဖက်ရည်ကရား၊ ပန်းကန်၊ သံခုံလောက်၊ သံယောက်မ၊ ကြေးဆန်ခါ၊ ဂေါ် စသည့်ပစ္စည်းများ ကိုယ်ပိုင်ဖြစ်နေလျက် တကယ့်ရက်ကောင်းဖြစ်သော ကျန်ပွဲတော်ရက်လေးရက်တွင် ကိုယ်ပိုင်အမြတ်အစွန်းတွေ ထွက်တော့မည်ကို အတပ်သိနေရသော ကျွန်ုပ်၏မိခင်သည် တွေးလုံးမျှော်လုံးကြီးတွေ အဘယ်မျှ မီးခိုးမဆုံး မိုးမဆုံးဖြစ်နေသည်ကို ငါးပေါင်းကြော်ဒယ်အိုးအောက်မှ ပြန်ဟပ်သည့် ပူပြင်းလှသော မီးရောင်တလျှပ်လျှပ်၌ ခပ်ပြုံးပြုံးမြင်ရသော မိခင်၏သနားဖွယ် ကြည်ညိုဖွယ်မျက်နှာထားက ဖော်ပြနေပေတော့သည်။

သို့သော် ...။ မိခင် ဤကဲ့သို့ ပြန်၍ပြုံးတတ်လာသောအခြေမှာကား ... အတော်ပင် မချိစရာအခြေပင်ဖြစ်ပေသေးသည်။ တကယ့်ထိပ်သီး မျက်နှာဖုံးသူဌေးကြီး၏သမီးဖြစ်လျက် ချက်အရက်ပုလင်းထောင်ကာ စကားတဖောင်ဖောင် အရက်နံ့တထောင်းထောင်းနေသည့်အကြားတွင် မီးပူခဲညှော်ခံကာ ငါးပေါင်းကြော်ကြော်၍နေပုံမှာ ယခုအခါ ကျွန်ုပ် ဤစာကို ရေးနေစဉ်၌ပင်လျှင် တွေးမိတိုင်း ရင်နာစရာကြီးဖြစ်ခဲ့၏။

ထို့ထက် ယူကျုံးမရစရာ ကံကြမ္မာဖန်ပုံမှာကား ကျွန်ုပ်၏ဖခင်နှင့် ဖောက်ပြန်လျက်ရှိသော ယိမ်းသမသည် ဤပွဲတော်ရက်၌ ဇာတ်ကို ရုံသွင်းသောအခါတွင် ခေါင်းဆောင်မင်းသမီးဘဝကို ရောက်နေခြင်းဖြစ်၏။ ကျွန်ုပ်၏မိခင်သည် ဇာတ်ရုံနံဘေး လက်ပံပင်အောက်ရှိ ငါးပေါင်းကြော်ဆိုင်၌ မင်းသမီး၊ မင်းသား နှစ်ပါးသွားချိန် လူအစဉ်၌ ညဦးက ရောင်းရသော ပိုက်ဆံကလေးများကို ရေတွက်နေရှာပြီးလျှင် ကုလားစောင်အနွမ်းဖြင့် ခွေ၍သိပ်ထားသော ကျွန်ုပ်အား မီးရောင်ဖြင့်ကြည့်ရင်း "သားရယ် မင်း ထမင်းဝဝစားရပါတော့မယ်ကွယ် ... နောက်ကို မမေမလေ မင့်ကို မုန့်ပျားသလက် ဆားဖြူးပြီး မကျွေးရတော့ပါဘူးကွယ်"ဟု ပြုံးပြုံးကြီးပြောကာ နှင်းပေါက်များ လက်ပံပင်ထက်မှ တဖြောက်ဖြောက် လေးတိုင်စင်အမိုးပေါ်သို့ကျခိုက်တွင် သားငယ် ကျွန်ုပ်ကို အိပ်ရာမှမနိုးအောင် ခပ်ဖွဖွကလေး နမ်းရှုပ်နေသည့်ခဏ၌ ဇာတ်ရုံအတွင်း ဓာတ်မီးတွေထိန်ထိန်လင်းနေသော ဇာတ်စင်မှ ကျွန်ုပ်၏ ဖခင်အသံက "ချစ်လိုက်ကြဦးစို့ နမရေ"ဟု ဟစ်သည့်အသံနှင့် မင်းသမီးဖြစ်လာသော ယိမ်းသမကလည်း "ချစ်လိုက်ကြဦးစို့ မောင်ရေ" ဟု ပြန်၍ဟစ်သည့်အသံတို့သည် ဇာတ်ရုံအကာ ကျူထရံကိုဖောက်၍ မိခင်၏နားသို့ရောက်လာမည့်ပုံမှာ ကံကြမ္မာ၏ ခွကျကျ ဖန်တီးတတ်သည့်သဘောကို ရယ်စရာဟု ဆိုရမလား။ ငိုစရာဟု ဆိုရပေမည်လား။

ထားဦးတော့။ ကံကြမ္မာသည် ကျွန်ုပ်၏မိခင်အား ဤမျှ ရယ်သွမ်းသွေး၍ သရော်ပြောင်လှောင်ရုံနှင့် မကျေနပ်သေးပေ။ ကံဆိုးမိုးမှောင်ကျသော ကျွန်ုပ်၏မိခင်မှာ ယခုအခါတွင် ငွေရင်းကလေး ဘာကလေးနှင့် ကိုယ့်ခြေထောက်ဖြင့်ကိုယ် စုံရပ်နိုင်ခါစ ရှိသေးသည်မျှကိုပင် ကိုရွှေကံက မနာလိုဝန်တိုဖြစ်ပြန်ချတော့သည်။

ကံတရားသည် လက်ပေး၍ သတ်တတ်သော လက်ဝှေ့သည်နှင့် အတော်ပင်တူ၏။ လက်ဦးဆုံး၌ ကျွန်ုပ်၏မိခင်သည် ဘုရားပွဲတော်အပြီးတွင် မုန့်ပျားသလက်ရောင်းနေကျနေရာကလေး၌ ပြန်၍ ငါးပေါင်းကြော်ကြော်၍ရောင်းရန် စိတ်ကူးထား၏။ စိတ်ကူး၍မှ မဆုံးသေးမီ ဈေးထဲ၌ ရှိသမျှသော မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်များသို့ ငါးပေါင်းကြော်ပေးသွင်းနေကျဖြစ်သော ငါးပေါင်းကြော်သည်လက်ကားကြီးမှာ ပွဲတော်ရက်အတွင်း၌ ရုတ်တရက် လေရောဂါဖြင့် သေဆုံးသွားလေရာ ဇနီးဖြစ်သူကလည်း တစ်ရွာသူဖြစ်သောကြောင့် ရပ်ရွာသို့ ပြန်မည်ဖြစ်သဖြင့် ငါးပေါင်းကြော်လက်ကားအလုပ်ကို ဖြုတ်ပစ်ရန် စီစဉ်နေ၏။ ဤတွင် ဘုရားပွဲတော်၌ ထွက်ကြသော ဆိုင်များမှာ လိုသလောက် ငါးပေါင်းကြော်မရသဖြင့် ကျွန်ုပ်၏ မိခင်ထံသို့ ပြုံ၍လာကြလေတော့သည်။ မိခင်က မိမိကံထူးပုံကို ဝမ်းသာ၍ မဆုံးတော့ပြီ။ ဈေးအတွင်းက မုန့်ဟင်းခါးဆိုင်၊ လက်သုပ်ဆိုင်များကိုသာ လက်ကားအပိုင်စီးရလျှင် (ငါးသားကို အင်္ဂလိပ်စာသင်မယ်၊ စစ်ကဲမြို့အုပ်အလုပ်ခိုင်းမယ်) စသည်ဖြင့် မိုးထိုးအောင် အားတက်မိရှာ၏။

ဆက်လက်ဖော်ပြပါမည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာအမျိုးသမီးများအတွက် Webinar တစ်ခုပြုလုပ်မည်

ရန်ကုန် ၊ မေ ၅

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာအမျိုးသမီးများအတွက် ကျန်းမာရေးနှင့်ပတ်သက်သော Webinar တစ်ခုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Webinar တွင် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် ကလေးငယ်များကို ပြုစုစောင့်ရှောက်နေသူများ၊ အမျိုးသမီးများနှင့် မိသားစုဝင်များ၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုပေးသူများအားလုံး ပါဝင်နိုင်မည်ဖြစ်သည်။

ရင်သွေးငယ်များ၏ ဘဝအစတွင် အကောင်းဆုံးသောအာဟာရများနှင့်ဖွံ့ဖြိုးအစပြုနိုင်ရန်မှာ မိဘတိုင်း၊ အုပ်ထိန်းသူတိုင်းအတွက် အရေးပါသောအချက်တစ်ခုဖြစ်သောကြောင့် Webinar ကို ရင်သွေးတို့၏ ဘဝအစ အာဟာရနှင့် ပျိုးထောင်ကြအစီအစဉ်ဖြင့် ပြုလုပ်ပေးမည်ဖြစ်သည်။

Webinar ကို ၂၀၂၆ ခုနှစ် မေလ ၈ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ပါဝင်တက်ရောက်လိုသူအမျိုးသမီးများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Link မှတစ်ဆင့် ချိတ်ဆက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဆက်လက်ပြီး မိခင်၊ မျိုးဆက်ပွား၊ မွေးကင်း၊ ကလေးနှင့် ဆယ်ကျော်သက်ကျန်းမာရေးဆိုင်ရာ Webinar များကိုလည်း ၂၀၂၆ ခုနှစ်အတွင်း ဆက်လက်ကျင်းပရန်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သိရသည်။

ဖြူဖြူ

ရေမြို့နယ်၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၅)သင်တန်းဖွင့်

ရေး မေ ၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ မွန်ပြည်နယ် ရေးမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၄ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက သင်တန်းမှပို့ချပေးသည့်သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာပြန်လည်အသုံးချစေလိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်အိအိစန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်တန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ပြောကြားပြီး မေလ ၄ ရက်မှ အောက်တိုဘာလ ၂ ရက်အထိ သင်တန်းသူ ၂၅ ဦးတို့အား စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ပြီး သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသပေးမှုကို တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

ရှင်းသန့်ဖြူ

■ ကျောဖုံးမှအဆက်

မီးဘေးအန္တရာယ်နှင့် အခြားသော ဘေးအန္တရာယ်အသွယ်သွယ်မှခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းဂုဏ်ဒြပ်အစဉ်အလာကြီးမားစွာဖြင့် ရပ်တည်လာခဲ့သည့်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ နေ့ထူးနေ့မြတ် အခါသမယဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အချိန်တိုင်းတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးကာကွယ်ရေးသာမက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ သက်စွန့်ကြိုးပမ်းအစွမ်းကုန်အားထုတ်ဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

မီးသတ်တပ်ဖွဲ့သည်ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ရည်မှန်းချက်တာဝန်ကြီး(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး မီးသတ်လုပ်ငန်းတာဝန်ဆိုသည်မှာ အချိန်နှင့်တစ်ပြေးညီ အရေးပေါ် ချက်ချင်းတုံ့ပြန် ဖြေရှင်းဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ယနေ့ခေတ် မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေးလုပ်ငန်းတစ်ခုတည်းသာမက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအပြင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းနှင့် အရေးပေါ် ဆေးအကာအကွယ်ပေးခြင်း လုပ်ငန်း စသည့်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မီးသတ်တပ်ဖွဲ့က ဆောင်ရွက်ရသည့် လုပ်ငန်းများသည် မိမိတို့ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်နေရုံမျှနှင့် ပြီးပြည့်စုံသည်မရှိဘဲ ပြည်သူလူထုပူးပေါင်းပါဝင်မှသာ ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များနှင့် ပတ်သက်ပြီး သဘာဝဘေးကျရောက်သည့် ဒေသများတွင် နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည်တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အခြားသောဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ တွေ့ကြုံခဲ့ရသည့် ဘေးအန္တရာယ်တိုင်းတွင် ထိရောက်လျင်မြန်စွာအကောင်းဆုံးပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မန္တလေးငလျင်ဖြစ်စဉ်အပေါ် သင်ခန်းစာဖော်ထုတ်ပြီး နိုင်ငံတကာနည်းတူ မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Urban Search Rescue) Medium Teamအဆင့်အဖွဲ့ (၂)ဖွဲ့ကိုလည်းဖွဲ့စည်းနိုင်ရေး နိုင်ငံတော်ကခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲများ၌ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဆုတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းအပေါ်၌လည်း များစွာကျေနပ်အားရမိပါကြောင်းနှင့် ထိုကဲ့သို့အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် အသက်နှင့် ခန္ဓာကိုယ်ကိုအရင်းတည်ပြီး ကူညီကယ်တင်ဆောင်ရွက်ရခြင်းကြောင့် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ရင်း စွန့်လွှတ်စွန့်စားသွားကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ဂုဏ်ဒြပ်ကို လေးစားဂုဏ်ယူပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ကာကွယ်နိုင်သည့် ပြည်သူအားကိုးရသောတပ်ဖွဲ့ကြီး အဖြစ် နောင်နှစ်ပေါင်းများစွာ အခွန့်ရှည်ကြာအောင် ကြိုးစားတည်ဆောက်သွားကြရန်လိုကြောင်း ပြောကြားသည်။

➲ နိုင်ငံတော်တွင် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တိုင်းတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးကာကွယ်ရေးသာမက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ သက်စွန့်ကြိုးပမ်း အစွမ်းကုန်အားထုတ်ဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုမှတ်တမ်းတင်ဂုဏ်ပြု. . .

အနာဂတ်မီးသတ်တပ်ဖွဲ့သည် ပိုမိုခိုင်မာအားကောင်းသည့် ဖွဲ့စည်းပုံ၊ ပိုမိုမြင့်မားသည့် စွမ်းဆောင်ရည်များနှင့် နိုင်ငံတကာကိုရင်ဆိုင်တန်းနိုင်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့်မီးသတ်တပ်ဖွဲ့ဝင် အားလုံးသည်စည်းကမ်းတကျနှင့်လေ့ကျင့်မှုမပျက်စေဘဲ တစ်ဦးချင်းကိုယ်ရည်ကိုယ်သွေးတိုးတက်စေရန် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် တာဝန်သိစိတ်မြင့်မားစွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

ထို့နောက် ဒုတိယသမ္မတ ဦးညီစောက “မီးသတ်ပြု” ဂန္ဓဝင်တေးသီချင်းသီဆိုသူ နိုင်ငံကျော်တေးသံရှင် ဦးထွန်းရွှေ၊ မီးသတ်လုပ်ငန်းများတွင် အသက်ဇ၀ နှစ်နှင့်အထက် သရွေ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းဟောင်းများဖြစ်ကြသည့် မီးသတ်တပ်ကြပ်ကြီး ဦးထွန်းကြည်နှင့် ဦးသောင်းမြင့်၊ အရန်ဒုတိယတပ်ရင်းမှူး(ငြိမ်း) ဦးချစ်လှိုင်နှင့် ဒုတိယမီးသတ်ဦးစီးမှူး(ငြိမ်း) ဦးတင်ညွန့်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ဒုတိယသမ္မတဦးညီစောထံသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွှန့်ဝင်းဆွေက နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဂါရဝပြုအမှတ်တရ လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းရည်သတ္တိဆိုင်ရာရဲဗလတံဆိပ်ရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ဒုတိယသမ္မတဦးညီစောသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းသမိုင်းဝင်မီးသတ်ပစ္စည်းများ ကိရိယာပြခန်းများ၊ အဆင့်မြင့်အရေးပေါ် တုံ့ပြန်မှုဆက်သွယ်ရေးစနစ်များ၊ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာပြခန်းများနှင့် ခန်းမအရှေ့တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် မီးသတ်ယာဉ်များ၊ စက်များနှင့် ရှာဖွေရေးခွေး (Search Dog) သရုပ်ပြမှုတို့အား လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

မြဝတီ

မြစ်ကြီးနားမြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားပြုလုပ်

နေပြည်တော် မေ ၅

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဇရာရပ်ကွက်ရှိ မြို့တော်ခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်က ဆုရရှိသူတစ်ဦးအား ဂုဏ်ပြမှတ်တမ်းလွှာနှင့် ဂုဏ်ပြချီးမြှင့်ငွေများပေးအပ်စဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြမှတ်တမ်းဗီဒီယိုအားကြည့်ရှုကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသခြင်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အလားတူ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးတို့ မီးသတ်တပ်ဖွဲ့ဝင်များ၏ လက်တွေ့သရုပ်ပြသနေမှုကို ကြည့်ရှုစဉ်။


ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ဆုရရှိကြသူများအား ဂုဏ်ပြမှတ်တမ်းလွှာနှင့် ဂုဏ်ပြချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip အားပြသပြီး စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေး ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“PDF အမည်ခံအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ အစိုးရသစ်ကြားမှာ ငြိမ်းချမ်းခြင်း နေ့သစ်တွေ မြင်တွေ့ရတော့မှာလား”** ခေါင်းစဉ်ဖြင့် ဖ-၅-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၃-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ ပြည်သူ့ကာကွယ်ရေးခေါင်းစဉ်အောက်က အကြမ်းဖက်များရှိနေသရွေ့ သာသနာ့ဘောင်မှ ရဟန်းသံဃာများ အကြောင်းမဲ့ အသက်ပေးနေရမည်လား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၆၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။





ကျေးလက်ဒေသနေတောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်



တောင်ငူ မေ ၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက တောင်ငူခရိုင်အတွင်းရှိကျေးလက်ဒေသနေ တောင်သူများ၏လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာအုပ်စု၌ လုပ်ငန်းရှင်ဦးပြုံးချိုမှ ဂျပန်နိုင်ငံ၏နည်းပညာဖြင့် ကြံမြှုပ်ချေး၊ ကြံမြှုပ်ပြာ၊ ကြက်ချေး၊ နွားချေး၊ မြေပဲခွံ၊ မြေဝါမှုန့်၊ အရိုးမှုန့်၊ လချောမှုန့်၊ ဂျစ်ပဆမ်၊ ငါးအမိုင်နို၊ အီးအမ်ဘိုကာရှိန့်ထရိုင်ဂိုဒါးမားတို့အား နည်းစနစ်တကျရောစပ်၍ Benefit ကို အမှတ်တံဆိပ်ဖြင့် သဘာဝမြေဩဇာအောင်မြင်စွာထုတ်လုပ်ဖြန့်ဖြူးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်၊ ထိုးနောက်ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သဘာဝမြေဩဇာများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲသွားရန်နှင့် လယ်မြေများအား မြေဆီဩဇာကြွယ်ဝစေရေး သစ်စိမ်းမြေဩဇာပိုက်ဆန်လျှော်စိုက်ပျိုးသုံးစွဲရန်မှာကြားပြီး တောင်သူသရုပ်ပြ လယ်ကန်သင်းပေါင်တင် သဘာဝမြေဩဇာပြုလုပ်ခြင်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူခရိုင် အုတ်တွင်းမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း ရေဆင်းပေါ်ဆန်း(၁) မျိုးစေ့ထုတ်စိုက်ခင်း ၂၅ ဧကစိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုနှင့် တစ်ကွင်းတစ်ဆက်တည်း ထိုင်းနှံကောက်မျိုး နွေစပါးရိတ်သိမ်းနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှစပါးအစိုတင်း ၁၉၀ ထွက်ရှိကြောင်း သိရသည်။

(၄၁၀)

တောင်ငူကွက်လပ်မြို့နယ်၌ ဘောလုံးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ Pilot Project အစီအစဉ်ဖြင့် Football For School Program အရ ဖွင့်လှစ်သည့်ဘောလုံးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်အမှတ်(၁၁)ရုပ်ကွက် မြသီတာအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းသားများက ကွင်းအတွင်းနေရာယူကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲကျော်သူက ဘောလုံးသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ငူကွက်လပ်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်လေးဇာဇော်လှိုင်းမြင့်၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်ရှိန်းနှင့်အဖွဲ့ဝင်များက ဘောလုံးသင်တန်းတွင် နည်းပြများ၏သင်ကြားပြသမှုများကို ကြိုးစားသင်ယူကြရန်နှင့် သင်တန်းဖွင့်ရက်များတွင် အချိန်မှန်မှန်တက်ရောက်နိုင်ရေးတို့ကို မှာကြားသည်။

အဆိုပါဘောလုံးသင်တန်းကို မြို့နယ်အတွင်းရှိ ဘောလုံးအားကစားဝါသနာရှင် လူငယ်များတက်ရောက်ကြပြီး အပတ်စဉ်တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် သင်ကြားပေးမည်ဖြစ်ကာ သင်တန်းကို မေလ ၄ ရက်မှ ဇူလိုင်လအထိ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ



လွိုင်လင် မေ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ တပ်ဖွဲ့ဝင်မိသားစုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များတက်ရောက်ကြသည်။

ဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် အမှာစကား ပြောကြားသည်။

ယင်းနောက် မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသောပြခန်းအား ဧည့်ပရိသတ်များက စိတ်ဝင်တစားကြည့်ရှုအားပေးကြပြီး ၂၀၂၆ ခုနှစ် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(၄၁၄)

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားများကျင်းပ

ပဲခူး



ပဲခူးမြို့ မြို့တော်ခန်းမ၌ မေလ ၅ ရက်နံနက်ပိုင်းတွင် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏နှစ်(၈၀)ပြည့် အခမ်းအနားတွင် အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်ရရှိသူ နှစ်ဦး၊ တိုင်းဒေသကြီးအဆင့် စံပြမီးသတ်စခန်းဆုနှင့် ဗဟိုအဆင့် အမြန်လမ်း စံပြမီးသတ်စခန်းဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မီးသတ်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ သင်တန်းသားစံပြဆုရရှိသူများ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိသူများနှင့် လုပ်သက် ၂၅ နှစ်နှင့် အထက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက အခမ်းအနားတက်ရောက်လာကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၄၁၀)

မန္တလေး



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မြို့တော်ခန်းမ၌ မေလ ၅ ရက်နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အခြားဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၃၀၀ ဦးခန့် တက်ရောက်သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး အင်အားပြင်းမန္တလေးလျင်လှုပ်ခတ်မှုဖြစ်စဉ်တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များအား စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်များနှင့် ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်း၊ စံပြ(အမြန်လမ်း) မီးသတ်စခန်းဆုရရှိသူများ၊ ဌာနတွင် သင်တန်းများနှင့် ပြင်ပဌာနများတွင် ဆုရရှိသူများ၊ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်ခြင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များအား Video Clip ဖြင့်ပြသခြင်း၊ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဝန်ကြီးများ၊ တက်ရောက်လာသည့် ဧည့်သည်တော်များအား မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းမှ ပေးအပ်ခြင်း၊ ခန်းမအတွင်း၌ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုနှင့် 191 Report Mobile Application အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၄၀၂)

စစ်တွေ



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေလ ၅ ရက်နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို စောင့်ရှောက်ကာကွယ်နိုင်သောတပ်ဖွဲ့ကြီးအဖြစ် အဓွန့်ရှည်အောင် ကြိုးစားတည်ဆောက်ကြရေး အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် အတွက် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြုမှတ်တမ်းဗီဒီယိုနှင့် ခန်းမအတွင်း ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

ဓာတ်ပုံ- ဝင်းမင်းစိုး

မုံရွာ



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေလ ၅ ရက်နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် အမှာစကားပြောကြားသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက နိုင်ငံတော်မှချီးမြှင့်သည့် စွမ်းဆောင်ရည်ဆုတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် မီးသတ်ကျင့်ဝတ်ဖြေဆိုပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ မြန်မာနိုင်ငံမီးသတ်ဌာနချုပ်တွင် ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် အဖွဲ့လိုက် ဒုတိယဆုရရှိခဲ့သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို ဆုတံဆိပ်များပေးအပ်ချီးမြှင့်ကာ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကိုကြည့်ရှုအားပေးသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်ခန်းမအတွင်းခင်းကျင်းပြသထားသည့်အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုကြကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မော်လမြိုင်



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေလ ၅ ရက်နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့မှတ်တမ်းဗီဒီယိုနှင့်ခန်းမအတွင်းခင်းကျင်းပြသထားသော မွန်ပြည်နယ်မီးသတ်တပ်ဖွဲ့၏လုပ်ငန်းစွမ်းဆောင်ရည်မှတ်တမ်းဓာတ်ပုံများ၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာပစ္စည်းကိရိယာများကို ကြည့်ရှုအားပေးကြကြောင်းသိရသည်။

(၄၀၆)

လွန်ခဲ့တဲ့ နှစ်(၇၀)က ဆောင်ရွက်ခဲ့တဲ့ သမိုင်းဝင်ပြခန်း၊ ပြကွက်တွေဖြစ်ပြီး နောက်မျိုးဆက်သစ်တွေ အားလုံးကို သိစေချင်၊ မြင်စေချင်တဲ့အတွက်ကြောင့် အားလုံးလာရောက်ကြည့်ရှုလေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဦးဇော်ဇော်ဦး(ဒုတိယပါမောက္ခချုပ်(စီမံ) အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်)

ရန်ကုန် မေ ၅

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ မေလ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသလျက်ရှိရာ လာရောက်လေ့လာသူ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့တွင် အဆိုပါပြပွဲသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဝန်ထမ်းများ၊ ကမ္ဘောဒီးယားနိုင်ငံမှ သာသနာပြုအဖွဲ့၊ နယ်မြေခံတပ်နယ်များမှ မိသားစုဝင်များနှင့် ရဟန်းရှင်လူပြည်သူများ လာရောက်လေ့လာကြသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲသို့ လာရောက်လေ့လာကြသူများနှင့် တာဝန်ရှိသူများ၏စကားသံများကို ဖော်ပြလိုက်ပါသည်-

ဦးဇော်ဇော်ဦး(ဒုတိယပါမောက္ခချုပ်(စီမံ) အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)



နိုင်ငံတော်သမ္မတကြီးရဲ့လမ်းညွှန်ချက်အရ ကျင်းပပြီးစီးခဲ့တဲ့ ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀)ပြည့်အောင်ပွဲအထိမ်းအမှတ်အထူးပြပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းပတ်လမ်းမှာ ပြခန်းပြကွက်များစွာနဲ့ မေလ ၁၀ ရက်အထိ ပြပွဲကို လာရောက်ကြည့်ရှုနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်/မြို့နယ်အလိုက် ဌာနဆိုင်ရာအဖွဲ့အစည်းတွေ၊ ရဟန်းရှင်လူပြည်သူတွေ၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာအထက်တန်းကျောင်းတွေက ကျောင်းသား၊ ကျောင်းသူတွေ၊ နောက်မျိုးဆက်သစ်တွေ ဆဋ္ဌသင်္ဂါယနာပွဲကြီးကို ဘယ်လိုဆောင်ရွက်ခဲ့ကြတယ်ဆိုတာ သိထားစေချင်တဲ့အတွက် ပြခန်းဖွင့်လှစ်ပြသတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်(၇၀)က ဆောင်ရွက်ခဲ့တဲ့ သမိုင်းဝင်ပြခန်း၊ ပြကွက်တွေဖြစ်ပြီး နောက်မျိုးဆက်သစ်တွေ အားလုံးကို သိစေချင်၊ မြင်စေချင်တဲ့အတွက်ကြောင့် အားလုံးလာရောက်ကြည့်ရှုလေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဒေါက်တာကေသီထွေး (ပါမောက္ခချုပ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်))

မဟာပါသာဏလိုဏ်ဂူကြီးမှာ ကျင်းပနေတဲ့ ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲ ပြခန်းတွေမှာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲရဲ့ တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ပြခန်းတွေအနေနဲ့ ဘုရားအလောင်းပဋိသန္ဓေယူတဲ့အခန်းကစပြီး ဘုရားအလောင်းပရိနိဗ္ဗာန်စံတော်မူတဲ့အထိ ပြခန်းများ၊ သင်္ဂါယနာရဲ့အဓိပ္ပာယ်ကို ဖော်ထုတ်ပြသတဲ့ ပထမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာကို အိန္ဒိယနိုင်ငံမှာကျင်းပခဲ့ပြီး နှုတ်ထွက်အာဂုံဆောင်တဲ့ခေတ်၊ စတုတ္ထသင်္ဂါယနာကို သီရိလင်္ကာနိုင်ငံမှာကျင်းပပြီး ပေထက်အက္ခရာတင်တဲ့ကာလ၊ ပဉ္စမနဲ့ ဆဋ္ဌသင်္ဂါယနာကို မြန်မာနိုင်ငံမှာကျင်းပခဲ့တယ်။ ပဉ္စမသင်္ဂါယနာကို မန္တလေးမှာကျင်းပခဲ့ပြီး ဆဋ္ဌသင်္ဂါယနာကို အခု မဟာပါသာဏလိုဏ်ဂူမှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေနဲ့ သံဃာ့ရာဇာတွေ ဘယ်လိုဆောင်ရွက်ခဲ့တာကို စနစ်တကျ ပြသထားတယ်။ သင်္ဂါယနာတင်ဖို့ မဟာပါသာဏလိုဏ်ဂူတည်ဆောက်ခဲ့ပုံအဆင့်ဆင့်ကျင်းပခဲ့ပုံတွေကိုပြသထားပါတယ်။ ဒီနေ့ လေ့လာတဲ့ကျောင်းသား၊ကျောင်းသူ



တွေက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အချိန်ပိုင်း အနုပညာဒီပလိုမာကို သင်ယူနေကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေဖြစ်ပါတယ်။ လေ့လာကြဖို့ခေါ်ယူရတဲ့ရည်ရွယ်ချက်က ဗုဒ္ဓသာသနာ အခွန့်ရှည်တည်တံ့ခိုင်မြဲဖို့ အတွက် နိုင်ငံတော်အကြီးအကဲတွေနဲ့ ဆရာတော်ကြီးတွေ ဘယ်လိုဆောင်ရွက်ခဲ့ကြသလဲဆိုတာ နောက်မျိုးဆက်သစ်တွေကို သိစေချင်တာပါ။

မရတနာမေ (ရုပ်ရှင်၊ ပြဇာတ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်))



မဟာပါသာဏလိုဏ်ဂူကြီးမှာ ကျင်းပနေတဲ့ ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲ ပြခန်းတွေမှာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲရဲ့ တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ပြခန်းတွေအနေနဲ့ ဘုရားအလောင်းပဋိသန္ဓေယူတဲ့အခန်းကစပြီး ဘုရားအလောင်းပရိနိဗ္ဗာန်စံတော်မူတဲ့အထိ ပြခန်းများ၊ သင်္ဂါယနာရဲ့အဓိပ္ပာယ်ကို ဖော်ထုတ်ပြသတဲ့ ပထမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာကို အိန္ဒိယနိုင်ငံမှာကျင်းပခဲ့ပြီး နှုတ်ထွက်အာဂုံဆောင်တဲ့ခေတ်၊ စတုတ္ထသင်္ဂါယနာကို သီရိလင်္ကာနိုင်ငံမှာကျင်းပပြီး ပေထက်အက္ခရာတင်တဲ့ကာလ၊ ပဉ္စမနဲ့ ဆဋ္ဌသင်္ဂါယနာကို မြန်မာနိုင်ငံမှာကျင်းပခဲ့တယ်။ ပဉ္စမသင်္ဂါယနာကို မန္တလေးမှာကျင်းပခဲ့ပြီး ဆဋ္ဌသင်္ဂါယနာကို အခု မဟာပါသာဏလိုဏ်ဂူမှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေနဲ့ သံဃာ့ရာဇာတွေ ဘယ်လိုဆောင်ရွက်ခဲ့တာကို စနစ်တကျ ပြသထားတယ်။ သင်္ဂါယနာတင်ဖို့ မဟာပါသာဏလိုဏ်ဂူတည်ဆောက်ခဲ့ပုံအဆင့်ဆင့်ကျင်းပခဲ့ပုံတွေကိုပြသထားပါတယ်။ ဒီနေ့ လေ့လာတဲ့ကျောင်းသား၊ကျောင်းသူတွေက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အချိန်ပိုင်း အနုပညာဒီပလိုမာကို သင်ယူနေကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေဖြစ်ပါတယ်။ လေ့လာကြဖို့ခေါ်ယူရတဲ့ရည်ရွယ်ချက်က ဗုဒ္ဓသာသနာ အခွန့်ရှည်တည်တံ့ခိုင်မြဲဖို့ အတွက် နိုင်ငံတော်အကြီးအကဲတွေနဲ့ ဆရာတော်ကြီးတွေ ဘယ်လိုဆောင်ရွက်ခဲ့ကြသလဲဆိုတာ နောက်မျိုးဆက်သစ်တွေကို သိစေချင်တာပါ။

မရတနာမေ (ရုပ်ရှင်၊ ပြဇာတ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်))



အလွန်စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကားတွေ၊ ရှေးဟောင်းအနုပညာလက်ရာတွေကို ဒီပြခန်းတွေမှာတွေ့ရပါတယ်။ ဆရာတော်ကြီးတွေရဲ့ ဆဋ္ဌသင်္ဂါယနာတင်ခဲ့ပုံအဆင့်ဆင့်ကိုလည်းသိရပါတယ်။ ဆရာတော်ကြီးတွေရဲ့ ဗုဒ္ဓဘာသာသာသနာအခွန်ရှည်ရေးအတွက် သာသနာကို စောင့်ရှောက်ထိန်းသိမ်းခဲ့ပုံတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းထားပုံကိုလည်း သိခဲ့ရပါတယ်။

မအိမ့်သက်မျိုးခင် (ပန်းချီ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်))



ဒီမှာမြင်ရတဲ့ဗုဒ္ဓဝင်ပန်းချီကားတွေနဲ့ ပတ်သက်ပြီး အသိပညာဗဟုသုတတွေများစွာရရှိခဲ့ပါတယ်။ ဒီပြခန်းကိုကြည့်ရှုနိုင်ဖို့ ဆောင်ရွက်ပေးခဲ့တဲ့ ဆရာ၊ ဆရာမများနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ဒီပြခန်းကနေ ဗုဒ္ဓဘာသာသာသနာအတွက် ရှေးအဆက်ဆက် ဆရာတော်ကြီးတွေ ထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံကိုသိခဲ့ရပါတယ်။

မောင်မြင့်သိန်း (ဂီတ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်))



ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ အဆင့်ဆင့်တင်ခဲ့ပုံတွေ၊ အကြောင်းအရာတွေ၊ ဘာကြောင့်တင်ခဲ့ရတယ်ဆိုတဲ့ ဗဟုသုတတွေနဲ့ ဆဋ္ဌသင်္ဂါယနာတင်တဲ့အတွက်ကြောင့် ကျွန်တော်တို့သာသနာတော်ကြီးက အခွန့်ရှည်တည်တံ့မယ်၊ ကမ္ဘာအနှံ့ကိုပျံ့နှံ့မယ်၊ သာသနာတော်ကြီးလည်း အရှည်တည်တံ့ခိုင်မြဲမယ်လို့ ယုံကြည်ပါတယ်။ ဒီလို လေ့လာရတဲ့အတွက်ကြောင့် ဒီသာသနာတော်ကြီးကို လူငယ်တွေအနေနဲ့ ဆက်လက်ထိန်းသိမ်းရမယ်၊ နောက်ထပ်လူငယ်တွေကို မျှဝေရမယ်လို့သိရှိရပါတယ်။

မောင်ချမ်းအေးဇော် (ပန်းပု၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်))

သံဃာတွေစုပေါင်းပြီး မြတ်ဗုဒ္ဓရဲ့တရားတော်တွေကို မပျောက်ကွယ်စေဖို့အတွက် ပထမကနေ ဆဋ္ဌသင်္ဂါယနာအထိ သေသေချာချာစုပေါင်းပြီး မှတ်တမ်းတင်ထားတာကိုတွေ့ရတယ်။ နောက်မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းနိုင်အောင် နှုတ်ရွတ်ကနေစပြီး နောက်ပိုင်းပုံနှိပ်အထိ ပုံနှိပ်ပစ္စည်းတွေ၊ နည်းပညာဆိုင်ရာတွေနဲ့ ဗုဒ္ဓသာသနာပြန့်ပွားဖို့အတွက် မှတ်တမ်းတွေကို ထိန်းသိမ်းထားတာတွေ့ရပါတယ်။ ဒီလို လေ့လာဖို့အတွက်



စီစဉ်ပေးတဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲတွင် လာရောက်ကြည့်ရှုလေ့လာကြသည့်ရဟန်းရှင်လူပြည်သူများအနေဖြင့် ပြခန်းများတွင် ပြသထားသည့် ပြကွက်များကို ကြည့်ရှုလေ့လာပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်ကြောင်း သိရသည်။

(သတင်းအဖွဲ့)

တောင်ကြီးမြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ



တောင်ကြီး မေ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တောင်ကြီး-ဟိုပုံးလမ်းရှိ တောင်ကြီးခရိုင် မီးသတ်ဦးစီးဌာနရုံး၌ မေလ ၅ ရက် နံနက်ပိုင်းတွင် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားရာတွင် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တိုင်းတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးကာကွယ်ရေးသာမက ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်စွန့်ကြိုးပမ်း အစွမ်းကုန်အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြသည်ကို အသိအမှတ်ပြုမှတ်တမ်းတင် ဂုဏ်ပြုကြောင်း၊ ကိုယ်ကျိုးစွန့်ပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်ပေးနေသည့်လုပ်ငန်းတစ်ရပ်ဖြစ်၍ ကောင်းစွာနားလည်သဘောပေါက်ပြီး စိတ်ကောင်းစေတနာများနှင့် လုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ မီးသတ်တပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး ရည်မှန်းချက်တာဝန်လေးရပ်ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရဲကျော်သူတံဆိပ်၊ လူမှုထူးချွန်တံဆိပ်နှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဗဟိုအဆင့်စံပြမီးသတ်စခန်းဆုရရှိသော လင်းခေးမြို့နယ်မီးသတ်စခန်းတို့အား ဆုများပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်ဦးစီးဌာနအတွက် ပံ့ပိုးငွေပေးအပ်ရာ ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်လင်းထွန်းက လက်ခံရယူသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးစွမ်းရည်အမျိုးမျိုးတို့ကို သရုပ်ပြသကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများကို ကြည့်ရှုလေ့လာကြကြောင်းသိရသည်။ (၄၀၅)

ပြည့်အားသစ်မွန် လူရည်ချွန်

❀ လူထဲကလူ
လူရည်ချွန် ဆိုသည်ကား။
သာမန်ထက် ထူးတင့်လျက်
ထက်မြက်သူများ။

❀ ကျောင်းစာတော်ကာ
သုတဖြာ ယဉ်ကျေး။
အတွေးအခေါ် ဉာဏ်စွမ်းအား
မြင့်မားသည်လေး။

❀ ကြံ့ခိုင်ကျန်းမာ
ကိုယ်ခန္ဓာ ဖွံ့ထွားရှိ။
လျင်မြန်သန်မာ စွမ်းဆောင်ချက်
သွက်လက်ပေ၏။

❀ ချစ်ခင်ဖွယ်ရာ
ရည်မွန်စွာ ပြောဆိုလျက်။
ပေါင်းဖိတ်ဆွေ ချစ်ကြည်မှု
ရှေးရှုမပျက်။

❀ ကိုယ်ကျင့်သိက္ခာ
ကောင်းမွန်စွာ ရှိစေတွေး။
မကောင်းမှုရှောင်
ကောင်းမှုဆောင် ဘဝလမ်း
လျှောက်လှမ်းသည်လေး။

❀ ဘဝတိုးတက်ရာ
တွေးရှုကာ ထာဝရ။
အတတ်ပညာ
လေ့လာဆည်းပူးလိုအား
ကြီးမားသည်ပ။

❀ ယနေ့လူငယ်
နောင်ဝယ်လူကြီးဆိုသည့်အလား။
လူရည်ချွန်မောင်မယ်တွေ
နောင်ဝယ်မသွေ ပြည့်အားသစ်
ဖြစ်ကြမည်သား။ ။

အညာဇင်ယော်

ဟင်္သာတမြို့နယ်၌ အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဖွင့်လှစ်

ဟင်္သာတ မေ ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်လာနိုင်စေရန်နှင့် ကျွမ်းကျင်လုပ်သားများပေါ်ပေါက်စေရန်ရည်ရွယ်၍ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး အဆင့်မြင့်စက်ချုပ်နည်းအမျိုးမျိုးကို မေလ ၄ ရက်မှ ဇွန်လ ၁၇ ရက်ထိ ၄၅ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ဇင်မာ

လုပ်ကွက်ငယ်ဥယျာဉ်ခြံရှင်များထံသို့ အခမဲ့ဖြန့်ဖြူးရန် နိုင်ငံခြားဈေးကွက်ဝင် သီးနှံများဖြစ်သည့် ကော်ဖီပျိုးပင်နှင့်ကိုကိုးပျိုးပင်များစိုက်ပျိုးထားရှိ



မြိတ် မေ ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ရက် ၁၀၀ စီမံချက် လုပ်ငန်းဖြင့် ယခုနှစ်မိုးဦးရာသီတွင် မြိတ်မြို့နယ်အတွင်းရှိ လုပ်ကွက်ငယ်ဥယျာဉ်ခြံရှင်များအား နိုင်ငံခြားဈေးကွက်ဝင် သီးနှံများဖြစ်သည့် ကော်ဖီပျိုးပင် ၅၀၀၀ နှင့်ကိုကိုးပျိုးပင် ၄၀၀၀ အား အခမဲ့ဖြန့်ဖြူးရန် စိုက်ပျိုးထားကြောင်း သိရသည်။

"မြိတ်ဒေသမှာ ကွမ်းသီးခြံတွေ၊ အရွက်အုံနည်းတဲ့ ရော်ဘာမျိုးကွဲတွေ စိုက်ပျိုးထားတဲ့ ခြံတွေများတဲ့အတွက် ရော်ဘာပင်ကြားနဲ့ ကွမ်းသီးပင်ကြားမှာ ကြားသီးနှံအနေနဲ့စိုက်ပျိုးမယ်ဆိုရင် အထူးသင့်တော်တဲ့သီးနှံဖြစ်ပါတယ်။ ကြားသီးနှံအနေနဲ့စိုက်မယ်ဆိုရင် စိုက်ပျိုးမြေသီးသန့်မလိုတော့ဘဲ မူလအဓိကသီးနှံတန်းကြားတွေထဲမှာ စိုက်ပျိုးလို့ရပါတယ်။ သုံးနှစ်သားအရွယ်မှာ ပန်းစပွင့် အသီးစမ်းသီးပြီး ငါးနှစ်သားလောက်မှာ စီးပွားဖြစ်သီးတာဖြစ်တဲ့အတွက် နှစ်ရှည်သီးနှံတွေထဲမှာ စောစောဝင်ငွေရတဲ့ သီးနှံဖြစ်ပါတယ်" ဟု မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးက ပြောသည်။

နိုင်ငံခြားဈေးကွက်ဝင်သီးနှံများဖြစ်သော ကော်ဖီနှင့်ကိုကိုးပင်များသည် ရေရှည်တည်တံ့ခိုင်မာသည့် ဈေးကွက်ရှိသော သီးနှံဖြစ်သည့်အပြင် တစ်ပင်လျှင် နှစ် ၂၀ ခန့်သက်တမ်းရှိခြင်းကြောင့် ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးသင့်သည့်သီးနှံဖြစ်သည်။

မြိတ်မြို့နယ်၌ ၂၀၂၄ ခုနှစ်တွင် ကော်ဖီ ၂၃၄ ဧက၊ ကိုကိုးဧကော ၃၀၊ ၂၀၂၅ ခုနှစ်တွင် ကော်ဖီ ၁၂၅ ဧက၊ ကိုကိုး ၁၀ ဧကတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

မြင့်ဦး(မြိတ်)

သဇင်(FM)အသံလွှင့်အစီအစဉ်

၆-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၀ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁ ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်ထံ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်ခဲယမ်းများ လွှဲပြောင်းအပ်နှံစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေနှင့်ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။

နေပြည်တော် မေ ၅

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၆ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင် ၆ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက ဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M4A1 သေနတ် ၁ လက်၊ MA5 ပစ္စတိုသေနတ် ၁ လက်၊ ကျည်အိမ်မျိုးစုံ ၃ ခု၊ ကျည်မျိုးစုံ ၅၇ တောင့်၊ MG-1 လက်ပစ်ဗုံး ၂ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများကလက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၁ လက်အတွက် ငွေကျပ်သိန်း ၅၀၊ ပစ္စတိုသေနတ် ၁ လက်အတွက် ငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံး ၂ လုံးအတွက် ငွေကျပ် ၃ သိန်းနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအတွက် ၁ ဦးလျှင် ၁၅ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၆၀ တို့ကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက် ရှိသော်လည်း ယခုကဲ့သို့ ကြားသိရပါသည် -

"ကျွန်တော်ကတော့ PDF ထဲကို ၂၀၂၄ ခုနှစ် ၁၂ လပိုင်းလောက်မှာ စတင်ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော် PDF ထဲ ရောက်ရောက်ချင်း အခြေခံသင်တန်းလေးလနဲ့ အထူးကွန်မန်ဒို သင်တန်းလေးလောက်တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတဲ့နောက် တပ်စိတ်မှူးဖြစ်ခဲ့ပါတယ်။ တပ်စိတ်မှူးအဖြစ်နဲ့ KNU တပ်မဟာနဲ့ ပူးပေါင်းပြီး နေထိုင်ရပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့နေရာကတော့ ပုလောနယ် တစ်ခွင်မှာ လှုပ်ရှားသွားလာရပါတယ်။ သူတို့တွေက ကျွန်တော်တို့ PDF တွေကို ခွဲခြားဆက်ဆံပါတယ်။ အလုပ်ကြမ်းတွေ လုပ်ခိုင်းတယ်။ နှိမ်တယ်။ အသက်အန္တရာယ်ရှိတဲ့အလုပ်တွေကို ကျွန်တော်တို့တွေက လုပ်ခဲ့ရပါတယ်။ စစ်တိုက်တဲ့နေရာမှာဆိုလည်း ကျွန်တော်တို့ PDF တွေက အဓိကလုပ်ကိုင်ရတယ်။ သူတို့တွေက စကားပြောစက်တွေနဲ့ အမိန့်ပေးပြီး အနောက်မှာနေတာများပါတယ်။ တချို့တွေဆိုရင် ဂိတ်ကြေးတွေကောက်တယ်။ ဆက်ကြေးတွေကောက်တယ်။ တချို့တွေဆိုလည်း ထိုင်းနိုင်ငံအထဲမှာ ကိုယ်ပိုင်အိမ်တွေတောင်ဝယ်ထားကြပါတယ်။ တချို့ ခေါင်းဆောင်တွေကတော့ စီးပွားရေးသမားတွေဖြစ်လာတာကို သိရှိလာရပါတယ်။ ကျွန်တော်တို့တွေကတော့ တောထဲမှာ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ ဒုက္ခခံပြီး နေရတာများပါတယ်။ ဘယ်နေ့သေမလဲဆိုပြီး တွေးပြီးနေရတာများပါတယ်။ အမြဲတမ်းကြောက်လန့်တဲ့စိတ်နဲ့နေရတာ



များပါတယ်။ ကျွန်တော်ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ အခုမှပဲ လွတ်မြောက်လာခြင်းဖြစ်ပါတယ်။ အခွင့်အရေးသာတဲ့အချိန်မှာ တပ်ခွဲမှူးရဲ့သေနတ်ကို ယူလာပြီး တပ်မတော်ဘက်ကို အလင်းဝင်လိုက်ပါတယ်။ အခုလိုအလင်းဝင်လိုက်ပြီး နောက်ပိုင်းမှာ ကျွန်တော်ကောင်းကောင်း မွန်မွန်နေထိုင်ရပါတယ်။ ကောင်းကောင်း မွန်မွန်စားသောက်ရတယ်။ လူငယ်တစ်ယောက်ရဲ့ ဘဝပျော်ရွှင်မှုခံစားခွင့်တွေကိုလည်းပြန်လည်ရရှိခဲ့ပါတယ်။ အဲဒီအတွက်လည်း နိုင်ငံတော်နဲ့ တပ်မတော်အပေါ် အထူးကျေးဇူးတင်ရှိပါတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နမ အပေါင်းအသင်း PDF တွေကိုလည်း အမြန်ဆုံး အလင်းဝင်ပြီး မှန်ကန်တဲ့လမ်းကိုရွေးချယ်ပါလို့ ကျွန်တော်ပြောချင်ပါတယ်"ဟုပြောသည်။ (၁၀၀)

(၅-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးစျေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၃ ~ ၃၆၆၉	၅၅၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
စျေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ	၁၇,၈၉၁,၄၂၅.၇၂	-	၃၈,၆၁၅,၅၃၄.၂၄	
ဗဟိုဘဏ်မှ စျေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ				

စျေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဂျုံ၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍာဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍာသို့ အမေရိကန်ဒေါ်လာ ၁.၉ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍာသို့ အမေရိကန်ဒေါ်လာ ၀.၀၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်



မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေရောင်းချပေးခြင်း

Post Date : 05-05-2026

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးစျေးကွက်တွင် စက်သုံးဆီလုပ်ငန်းရှင်များအတွက် အမေရိကန်ဒေါ်လာ ၁၃၅.၃၁ သန်းအား ရောင်းချပေးမည်ဖြစ်ပါသည်။

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၅

၂၀၂၆ ခုနှစ် မေလ ၅ ရက်နေ့ ည ၇ နာရီ ၅၃ မိနစ် ၃၄ စက္ကန့်အချိန်တွင် မြစ်ကြီးနား မြေငလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် ၁၀၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ခန္ဓီးမြို့၏အရှေ့တောင်ဘက် ၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၅ ဒသမ ၈၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၇၇ ဒီဂရီ၊ အနက် ၈၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/၈လ)

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၏လုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၅

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး သည် ဒုတိယဝန်ကြီးများ၊ အဖြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ မှတ်တမ်းနှင့် မော်ကွန်းစာမျက်နှာပေါင်းနှစ်သိန်းအား Digitization ပြုလုပ်ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများအား မှတ်တမ်းနှင့်မော်ကွန်းစီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ ဝန်ကြီးဌာနများမှ မှတ်တမ်းများကွင်းဆင်းရယူရေးနှင့် မှတ်တမ်းသိမ်းဆည်းထားရှိနိုင်မည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် ပြသထားသည့် မော်ကွန်းပြခန်း၊ Non-Paper Record Room၊ ရည်ညွှန်းစာဖတ်ခန်း၊ မော်ကွန်းသိမ်းဆည်းခန်းများ၊ မှတ်တမ်းသိမ်းဆည်းခန်းများ၊ မော်ကွန်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် Conservation နှင့် Digitization အခန်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁) စာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၅

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁)ကို ရေးသားပြုစု၍ ပုံနှိပ်ထုတ်ဝေခဲ့ပြီး အဆိုပါစာအုပ်တွင် မြန်မာ့မြေလွှာဖြစ်တည်မှု၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ်ယဉ်ကျေးမှုများကို ကွင်းဆင်း၊ တူးဖော်၊ သုတေသနပြုလေ့လာတွေ့ရှိချက်အသစ်များ၊ သိပ္ပံနည်းကျသက်တမ်းတွက်ချက်မှုများကို ထည့်သွင်းဖြည့်စွက်ရေးသားပြုစုပြီး မြန်မာသမိုင်းပညာရှင်များအဖွဲ့က စိစစ်တည်းဖြတ်ထားသည်။

တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁)စာအုပ်ကို နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် ၎င်းတို့လက်အောက်ရှိဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ဒီဂရီ/ ကောလိပ်များနှင့် သင်တန်းကျောင်းများရှိ စာကြည့်တိုက်များတွင် ထားရှိဖတ်ရှုလေ့လာနိုင်ရေးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ ဖတ်ရှုလေ့လာနိုင်ရေး အခမဲ့ဖြန့်ဝေပေးပို့ခဲ့ပြီးဖြစ်သည်။

ထို့ပြင် နေပြည်တော်နှင့် ရန်ကုန်တို့ရှိ အမျိုးသားစာကြည့်တိုက်များ၊ အမျိုးသားပြတိုက်များနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိဌာနခွဲ/ ဌာနစုများ၏ စာကြည့်တိုက်များတွင် ဖတ်ရှုလေ့လာနိုင်ရေးဖြန့်ဝေထားရှိသည်။

အဆိုပါတစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁)စာအုပ်အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိတိုင်းဒေသကြီး/ ပြည်နယ်များရှိ ဌာနခွဲ၊ ဌာနစုအသီးသီးတွင် အများပြည်သူများ ကိုယ်ပိုင်စုဆောင်းဖတ်ရှုလေ့လာနိုင်ရေးဝယ်ယူနိုင်ရန်အတွက် တစ်အုပ်လျှင် ငွေကျပ် ၅၅၀၀၀/-နှုန်းဖြင့် ရောင်းချပေးလျက်ရှိပြီး ပြင်ပစာပေတိုက်များတွင်လည်း ဝယ်ယူဖတ်ရှုနိုင်ရန် ဦးစီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ကုန်ထုတ်လုပ်မှု အထောက်အကူဖြစ်စေမည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများဖြစ်စေရေး ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း မှာကြား



နေပြည်တော် မေ ၅

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများအား Video Conferencing စနစ်ဖြင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်များနှင့်အညီ ဦးစီးဌာနမှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားလုပ်ငန်းများသည် ဦးစီးဌာန၏မဟာဗျူဟာရည်မှန်းချက်ဖြစ်သည့် ကျေးရွာအားလုံးရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရေးအတွက် အလေးထားပြီး ဆောင်ရွက်ကြရန်၊ ကျေးလက်လမ်းကွန်ရက်များ တိုးချဲ့ချိတ်ဆက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာများ အဆင်ပြေချောမွေ့ကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်အောင်ဆောင်ရွက်ပေးရန်၊ ထွက်ရှိလာသော စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ၊ MSME ထုတ်ကုန်များကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ခြင်းဖြင့် မိသားစုဝင်ငွေများတိုးပွားလာစေရန်၊ လမ်း၊ တံတားလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေးကို အလေးထားဆောင်ရွက်ကြရန်၊ သမဝါယမစနစ်ကိုမဏ္ဍိုင်ပြု၍ ကျေးလက်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစီးဌာနအချင်းချင်းပူးပေါင်းချိတ်ဆက်ကာ စေတနာထား ဆောင်ရွက်သွားကြရန်နှင့် ဈေးကွက်အရောက် လမ်းကွန်ရက်ချိတ်ဆက်နိုင်စေရေး စီမံကိန်းရေးဆွဲရာတွင် အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့်တာဝန်ရှိသူများက ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအား ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဆေးပညာရှင်များအပြန်အလှန် စေလွှတ်၍ အတွေ့အကြုံဖလှယ်ရေး၊ ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆေးတက္ကသိုလ်များအကြား ပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ ပါကစ္စတန်နိုင်ငံမှဆေးဝါးနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ တင်သွင်းလျက်ရှိသည့် ကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် ဆေးဝါးစက်ရုံများ တည်ဆောက်၍ ရင်းနှီးမြှုပ်နှံနိုင်ရေး ဆိုင်ရာကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါကစ္စတန်နိုင်ငံသံရုံးမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ မြဝတီ



ပညာတံခွန်စိုက်ကာ ကြယ်ကိုဆွတ်မည့်လူရည်ချွန်များသို့

ဆရာဇော်(ပညာရေး)



မြန်မာ့ယဉ်ကျေးမှုနှင့် စာပေအမွေအနှစ်တွင် **“လူသားတံခွန်၊ လူရည်ချွန်က၊ မိုးစွန်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲလမ်းတည့်”** ဟူသောဆိုရိုးစကားသည် ပညာရှိသူ၊ အရည်အချင်းရှိသူ မျိုးဆက်သစ်တို့အတွက် မည်သည့်ပန်းတိုင်မျှ မမြင့်မားလွန်းကြောင်း၊ မလျော့သောခွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားပါက အောင်မြင်မှုသည်လက်တစ်ကမ်းတွင်သာရှိနေကြောင်း ခိုင်မာစွာသက်သေပြနေသည်။ ဤဆိုရိုးသည် ကျား/မ မရွေး လူသားတိုင်း၏ စိတ်ဓာတ်ခွန်အားအမြင့်ဆုံးသော အောင်ပွဲကို ကိုယ်စားပြုပြီး အနာဂတ်မျိုးဆက်သစ်လူရည်ချွန်များအတွက် အဓိကလမ်းညွှန်ချက်ဖြစ်သည်။ ဤကဲ့သို့သော ခိုင်မာသည့်စိတ်ဓာတ်စွမ်းအားဖြင့်သာ ကျွန်ုပ်တို့၏ တိုင်းပြည်ကိုတည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ လူရည်ချွန်များအနေဖြင့် အနာဂတ်နိုင်ငံတော်၏ အဖိုးတန်ဆုံးသောရတနာများဖြစ်သည့်အလျောက် မိမိတို့၏စွမ်းဆောင်ရည်ဖြင့် နိုင်ငံ၏အနာဂတ်ကို ပြောင်းလဲပေးနိုင်သော အင်အားစုများဖြစ်လာစေရန် ပညာတံခွန်စိုက်ကာ “ကြယ်ကိုဆွတ်” လိုသည့် စိတ်ဓာတ်ဖြင့် ကြိုးစားရန်လိုအပ်သည်။

အောင်မြင်မှု၏လက်ရုံးရည်နှင့်နှလုံးရည်

အောင်မြင်မှုဟူသည် ကံတရားအပေါ်တွင်သာ မူတည်နေသည်မဟုတ်ဘဲ ထူးချွန်သူတစ်ဦး၏ လက်ရုံးရည်နှင့်နှလုံးရည်တို့ပေါင်းစပ်မှုအပေါ်တွင် သာမူတည်သည်။ ဤဆိုရိုးစကားသည် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသော လူသားတိုင်းအတွက် ပန်းတိုင်တစ်ခုကို မည်သို့ရောက်အောင်သွားရမည်ကို အသေးစိတ်ဖော်ပြပေးထားသည်။

“လူသားတံခွန်” ဟုဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်သူသက်သက်ကိုသာဆိုလိုသည်မဟုတ်ဘဲ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသောထူးချွန်သူကို အဓိကထားရည်ညွှန်းခြင်းဖြစ်သည်။ “မိုးစွန်တမွတ် ကြယ်ကိုဆွတ်ခြင်း” ဆိုသည်မှာ တစ်ဦးတစ်ယောက်၏ဘဝတွင် မဖြစ်နိုင်ဟုထင်ရလောက်အောင်ခက်ခဲသောစိန်ခေါ်မှုများကို ပြတ်သားသောခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကျော်လွှားအောင်မြင်ခြင်းပင်ဖြစ်သည်။ အားမာန်နှင့်ဝီရိယတို့ပေါင်းစပ်လိုက်မှသာ “မလွတ်စတမ်း ရမြဲလမ်း” ဆိုသည့် အောင်ပွဲဆီသို့ မုချမလွဲရောက်ရှိနိုင်မည်ဖြစ်သည့်အတွက် ဤခိုင်မာသောစိတ်ဓာတ်ကိုအခြေခံ၍ လူရည်ချွန်တို့သည် မိမိတို့၏ဘဝခရီးလမ်းကို သာမန်လမ်းကြောင်းထက်ပိုမိုမြင့်မားသော အောင်မြင်မှုလမ်းကြောင်းပေါ်သို့ တည်ဆောက်သွားကြရမည်ဖြစ်သည်။

ပန်းတိုင်ဆီသို့ ခိုင်မာသောခြေလှမ်းများ

“လူရည်ချွန်” ဆိုသည့် ဂုဏ်ထူးဆောင်ဘွဲ့သည် ပညာတတ်မြောက်ရုံသက်သက်ဖြင့် မရရှိနိုင်ဘဲ တန်ဖိုးမြင့်မားသော နိုင်ငံသားကောင်းဝိသမှသာ ရရှိနိုင်သည့် ထူးချွန်ခြင်း၏ အမှတ်တံဆိပ်တစ်ခုဖြစ်သည်။ သို့သော် အောင်မြင်သူတိုင်းသည် ထူးချွန်သောလူသားဘဝသို့ အရောက်လှမ်းနိုင်ကြသည်တော့မဟုတ်ပါ။ တန်ဖိုးရှိသော လူသားတစ်ယောက်၏ အဓိကသော့ချက်မှာ ကိုယ့်အတွက်အကျိုးစီးပွားကိုရှေ့တန်းမတင်ဘဲ ပရဟိတနှင့်အများပြည်သူ၏အကျိုးစီးပွားကိုသာ အမြဲဦးထိပ်ထားတတ်သောစိတ်နှလုံးသားကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်သည်။ ဒွဲကောင်းပြီး စွမ်းဆောင်ရည်မြင့်မားသူတို့၏ဘဝခရီးသည် အခက်အခဲမည်မျှပင်ကြီးမားစေကာမူ အောင်မြင်မှု၏အထွတ်အထိပ်ဆီသို့ ရောက်ရှိနိုင်ကြောင်းသက်သေပြလျက်ရှိသည်။

မျိုးဆက်သစ်လူရည်ချွန်မောင်မယ်တို့ကို ကျွန်ုပ်တို့ပေးအပ်လိုသောအမွေမှာ အခြားမဟုတ် “နိုင်ငံ့အကျိုး၊ အများအကျိုးကို ဦးထိပ်ထားနိုင်သည့် မြင့်မြတ်သောစိတ်ဓာတ်” ပင်ဖြစ်သည်။ အသက်နှင့်ရင်းပြီး မိမိဘဝကိုရင်းနှီးကာ တိုက်ပွဲဝင်နေရသည့်တိုင် “သာသနာ့အကျိုး၊ ပြည်သူ့ကောင်းကျိုး” ကိုသာ အစဉ်အမြဲထားရှိသောစိတ်ဓာတ်သည် လူရည်ချွန်တို့၏ အသက်သွေးကြောပင်ဖြစ်သည်။ ဤမြင့်မြတ်သောစိတ်ထားအမွေကို မြန်မာပြည်မြေပြင်ပေါ်တွင် အစဉ်ထာဝရထွန်းတောက်နေအောင် ဆက်လက်ထိန်းသိမ်းဖော်ဆောင်ပေးရမည်ဖြစ်သည်။

ထို့ပြင် ခေါင်းဆောင်ကောင်းဆိုသည်မှာ “ချီးမြှင့်ထိုက်သူကိုချီးမြှင့်ရမည်၊ မြှောက်စားထိုက်သူကို မြှောက်စားရမည်” ဟူသော အစဉ်အလာကောင်းကို တန်ဖိုးထားတတ်သူများဖြစ်သည်။ ခေါင်းဆောင်လောင်းများဖြစ်ကြသည့် မောင်တို့၊ မယ်တို့အနေဖြင့်လည်း “ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရမည်” ဆိုသည့် ဤမွန်မြတ်သောအမွေကိုဆက်ခံရင်းနောင်လာနောက်သားတို့လက်သို့ အစဉ်အဆက်လက်ဆင့်ကမ်းပေးနိုင်ကြရမည်ဖြစ်သည်။

စိတ်ဓာတ်ခိုင်မာပြီး အများအကျိုးကိုရှေ့တန်းတင်သည့် ဤမဟာဗျူဟာမြောက်စိတ်ဓာတ်သည်သာ လူငယ်တို့လက်ကိုင်ထားရမည့် အစစ်မှန်ဆုံးသောပညာရေးအမွေဖြစ်ပါတော့သည်။

လူရည်ချွန်တို့၏ ဂန္ဓဝင်လမ်းညွှန်ချက် “ဆုတောင်း”

၁၉၆၅ ခုနှစ် လူရည်ချွန်တံခွန်စိုက်ဆုရှင် တင်လှိုင် (မန္တလေး) ရေးစပ်သီကုံးခဲ့သည့် “ဆုတောင်း” ကဗျာသည်မြန်မာ့ပညာရေးသမိုင်းတွင် အဖိုးမဖြတ်နိုင်သော ဂန္ဓဝင်မော်ကွန်းတစ်ခုပင်ဖြစ်သည်။ ထိုခေတ်က လူရည်ချွန်ဖြစ်ခဲ့သူ တင်လှိုင် (မန္တလေး)(စာရေးဆရာလယ်တွင်းသားစောချစ်)၏ နှလုံးသားထဲမှပေါက်ဖွားလာသော ဤကဗျာသည် လူရည်ချွန်များအတွက် ပညာအရည်အသွေးထက်ပိုမိုမြင့်မြတ်သည့် မျိုးချစ်စိတ်ဓာတ်ကို အမြစ်တွယ်စေခဲ့သည်။ ဤကဗျာသည် လူရည်ချွန်များ၏ ဘဝလမ်းကြောင်းအတွက်သာမက တိုင်းပြည်၏အနာဂတ်အတွက်ပါအရေးအကြီးဆုံးသော လမ်းညွှန်မှတ်တိုင်တစ်ခုဖြစ်သည်။

ကဗျာဆရာတင်လှိုင် (မန္တလေး)သည် ၎င်း၏ကဗျာထဲတွင် ပညာတတ်မြောက်ခြင်း၏ အနှစ်သာရမှာ ကိုယ်ကျိုးအတွက်မဟုတ်ဘဲ တိုင်းပြည်အတွက်ဖြစ်ကြောင်း အလွန်လှပသောစကားလုံးများဖြင့် ဆုမွန်ကောင်းတောင်းပေးထားသည် -

“ပညာတံခွန်၊ လူရည်ချွန်၍
မွန်သည့်သူများ ဖြစ်ပါစေ။
တိုင်းကျိုးပြည်ကျိုး၊ သယ်ကာပိုးသည့်
မျိုးချစ်သူများ ဖြစ်ပါစေ။”

ဤကဗျာ၏ နက်ရှိုင်းသောအဓိပ္ပာယ်မှာ “ပညာတံခွန်” စိုက်ထူနိုင်သော လူရည်ချွန်တစ်ဦးသည် ပညာတတ်မြောက်ခြင်းကိုသာမက စိတ်ဓာတ်မြင့်မြတ်သူ(မွန်သည့်သူ) ဖြစ်ရန်လိုအပ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ပညာသည် နိုင်ငံ၏အားကိုးရာဖြစ်ရန်အတွက် “တိုင်းကျိုးပြည်ကျိုး”ကို သယ်ပိုးနိုင်သော မျိုးချစ်စိတ်ဓာတ်နှင့်ခွဲခြား၍မရပါ။ ကဗျာဆရာ၏ ဆုတောင်းသည်ရိုးရှင်းသော်လည်း အလွန်ပင်ခွန်အားကြီးမားလှသည်။ သူ၏ဆုတောင်းသည် လူရည်ချွန်တိုင်းအား မိမိတို့၏အသိပညာကို နိုင်ငံတော်၏အကျိုးစီးပွားအတွက်အသုံးချရန်တိုက်တွန်းနေခြင်းပင်ဖြစ်သည်။

ကဗျာ၏နိဂုံးတွင်လည်း ကဗျာဆရာတစ်ယောက်၏ မေတ္တာအပြည့်ဖြင့် ဤသို့ဆုမွန်တောင်းပေးထားပါသည် -

“အစ်ကို့ဆုတောင်း၊ ဆုအပေါင်းကို
ကောင်းစွာ ပိုင်ဆိုင်ကြစေသတည်း။
အစ်ကို့ဆုတောင်း၊ ဆုအပေါင်းသည်
ကောင်းသည်ချည်းသာ ဖြစ်စေသတည်း။”

ဤကဗျာသည် “ကောင်းသည်ချည်းသာ ဖြစ်စေသတည်း” ဟုအဆုံးသတ်ထားသည့်အတိုင်း လူရည်ချွန်တို့၏ဘဝတွင် ကောင်းသောစိတ်၊ ကောင်းသောကြိုးစားမှုနှင့်ကောင်းသောရလဒ်များသာ အစဉ်အမြဲဖြစ်ပေါ်နေစေရန်အစ်ကိုတစ်ယောက်ကဲ့သို့နွေးထွေးစွာဆုမွန်တောင်းပေးထားခြင်းဖြစ်သည်။ ဤကဗျာသည် လူရည်ချွန်တို့၏နှလုံးသားတွင် သစ္စာတရား၊ မျိုးချစ်စိတ်နှင့်ပညာတန်ဖိုးကို တစ်ပြိုင်နက်တည်း ထည့်သွင်းပေးလိုက်ခြင်းဖြစ်သည့်အတွက် ယနေ့တိုင် အသက်ဝင်လှပနေဆဲဖြစ်ပြီး လူရည်ချွန်တစ်ဦး၏ စစ်မှန်သောရည်မှန်းချက်ကိုဖော်ညွှန်းသည့် ဂန္ဓဝင်မော်ကွန်းတစ်ခုအဖြစ် ထာဝရတည်တံ့နေပေလိမ့်မည်။

မျှော်လင့်ချက်ပန်းခင်းမှ မေတ္တာအလင်းတန်းများ

ကဗျာဆရာတင်လှိုင် (မန္တလေး)၏ “အစ်ကို့ဆုတောင်း” သည် **စာမျက်နှာ ၁၃ သို့ ➥**

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၃-၄-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၁၅-၁၂-၂၀၂၅ ရက်နေ့မှ ၃-၄-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်း ၂၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် လျှောက်ထားသူကုမ္ပဏီ ၃ ဦး၊ မဂ္ဂဇင်း ၅ ဦး၊ အထွေထွေ ၄၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၇ ဦး စုစုပေါင်း ၁၁၀ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၅၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၆၈၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်း ၆၀၇၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

➥ **စာမျက်နှာ ၁၂ မှအဆက်**

လူငယ်တို့၏နှလုံးသားဆီသို့ မေတ္တာတရားနှင့် ခွန်အားတို့ကို ပေါင်းစပ်ပေးပို့လိုက်သည့် မရိုးနိုင်သော တေးသွားတစ်ခုပင်ဖြစ်သည်။ မိဘရင်ခွင်သို့ပြန်လည် ခိုလှုံခွင့်ရမည့် စိတ်လှုပ်ရှားဖွယ်အချိန်တွင် အစ်ကိုကြီးတစ်ယောက်၏ နွေးထွေးသောအမှာစကား၊ မေတ္တာပါသောဆုမွန်ကောင်းများသည် လူရည်ချွန်တို့အတွက် ဘဝ၏အခက်ခဲဆုံးအချိန်များတွင်ပင် အားမာန်သစ်များတိုးပွားစေသည်။ ဤဆုတောင်းသည် ဂန္ဓဝင်လူရည်ချွန်တို့၏အစဉ်အလာအမွေအနှစ်အဖြစ် ခေတ်အဆက်ဆက် အသက်ဝင်နေဆဲဖြစ်သည်။ ကဗျာဆရာ၏ အလွမ်းနှင့်မေတ္တာတို့ပေါင်းစပ်ထားသော စာသားများမှာ အလွန်ပင်နက်ရှိုင်းလှသည် -

"ငါ၏ညီမ၊ ရွှမဝနှင့်
ငါ၏ညီငယ်၊ ချစ်စဖွယ်တို့
စခန်းမှခွာ၊ မွေးရပ်ရွာသို့
ပြန်ရာလမ်း၌၊ အေးချမ်းသာယာကြပါစေ။
မိဘရင်ခွင်၊ ခိုလှုံဝင်၍
ရေစင်ကြာနယ် လန်းပါစေ။"

ဤကဗျာအပိုဒ်တွင် "ရေစင်ကြာနယ် လန်းပါစေ" ဟူသည့် တင်စားချက်မှာ လူရည်ချွန်တို့၏ စိတ်ဓာတ်သည် ရေစင်ပေါ်မှကြာဖူးပွင့်ကဲ့သို့ အမြဲသန့်စင်ပြီး အသိပညာ၏ရနံ့ဖြင့် လန်းဆန်းနေစေရန် တိုက်တွန်းခြင်းဖြစ်သည်။ ပညာရည်ချွန်မြောက်ခြင်းသည် အသွင်အပြင်အားဖြင့် ထူးချွန်ရုံသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ရေစင်ကြာပန်းကဲ့သို့ အညစ်အကြေးကင်းစင်ပြီး တောက်ပနေရမည်ဟူသောအဓိပ္ပာယ်ကို သက်ရောက်နေသည်။

အစ်ကိုကြီးတစ်ယောက်၏ ဤဆုတောင်းသည် လူငယ်တို့အား တိုင်းပြည်၏ဝန်ကိုထမ်းနိုင်သူ၊ မျိုးချစ်စိတ်ရှိသူများဖြစ်လာစေရန် လမ်းပြပေးလိုက်ခြင်းပင်ဖြစ်သည်။

ဤကဗျာသည် လူငယ်တို့၏ရင်ထဲတွင် မေတ္တာနှင့် တာဝန်သိစိတ်ကို တစ်ပြိုင်နက်တည်းထည့်သွင်းပေးလိုက်ခြင်းဖြစ်သည်၊ အစ်ကို့ဆုတောင်းသည်လူရည်ချွန်တို့၏ ဘဝခရီးအတွက် လမ်းပြမြေပုံသာမက အခက်အခဲများကြားတွင်အေးချမ်းသာယာမှုနှင့်မျှော်လင့်ချက်ကို ပေးစွမ်းနိုင်သောစွမ်းအားရှင်တစ်ဦးကဲ့သို့ဖြစ်သည်။ ဤဂန္ဓဝင်ဆုတောင်းစကားများသည် လူရည်ချွန်တိုင်း၏ဘဝလမ်းကြောင်းတွင် မီးရှူးတန်ဆောင်းသဖွယ် ထွန်းတောက်နေမည်မှာအမှန်ပင်ဖြစ်သည်။

အနာဂတ်၏မြင့်မြတ်သောလူရည်ချွန်များသို့ ပန်ကြားချက်

ဇွဲ၊ လုံ့လ၊ ဝီရိယတို့သည် အောင်မြင်ခြင်း၏ မဏ္ဍိုင်ဖြစ်သော်လည်း "လူရည်ချွန်" ဟူသော ဂုဏ်ပုဒ်သည် ထိုအောင်မြင်မှုတို့၏အထက်တွင် တည်ရှိနေသည့် "ထူးချွန်သော လူသားဘဝ" ကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်သည်။ အောင်မြင်သူတိုင်း တန်ဖိုးရှိသူများ မဖြစ်နိုင်သော်လည်း တန်ဖိုးရှိသူတို့ကား ကိုယ်ကျိုးထက် အများအကျိုးကို အမြဲနှလုံးသွင်းကာ ရှေ့တန်းတင်ဆောင်ရွက်တတ်ကြသည်။ ဤမွန်မြတ်သောစိတ်ဓာတ်သည် ခေတ်ကာလတစ်ခုတွင် ပေါ်ပေါက်ခဲ့ခြင်းမဟုတ်ဘဲ လူရည်ချွန်တို့၏ သမိုင်းကြောင်းတစ်လျှောက် စတင်ပေါက်ဖွားကာ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကျင့်သုံးလာခဲ့သည့် အမွေအနှစ်ကောင်းတစ်ခုဖြစ်သည်။

အနာဂတ်လူရည်ချွန်မောင်မယ်တို့ခင်ဗျား...

သင်တို့သည် နိုင်ငံတော်၏ အဖိုးတန်ဆုံးသော ရတနာများဖြစ်ကြပြီး သင်တို့၏စွမ်းဆောင်ရည်များသည် မြန်မာနိုင်ငံ၏အနာဂတ်ကိုပြောင်းလဲပေးနိုင်မည့် အင်အားကြီးမားသောအရင်းအမြစ်များဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်ကို အနာဂတ်၏ခေါင်းဆောင်လောင်းများဟု ခံယူကာ ပညာကို အစဉ်မပြတ်လေ့လာလိုက်စားရင်း "လူရည်ချွန်၊ လူရည်မွန်" ဘဝကိုအစဉ်ထိန်းသိမ်းကြပါ။ "လူရည်ချွန်၊ လူရည်မွန်" ဘဝကိုတည်ဆောက်ကြပါ။

အမိနိုင်ငံတော်၏ အနာဂတ်ကံကြမ္မာသည် သင်တို့၏စိတ်ဓာတ်မည်မျှကြွယ်ဝပြီး ထိုစိတ်ဓာတ်ကို မည်မျှလက်တွေ့အကောင်အထည်ဖော်နိုင်သလဲဆိုသည့်အချက်အပေါ်တွင်မူတည်နေသည်။ ပညာတံခွန်စိုက်ကာ "မိုးစွန်တမှတ်ကြယ်ကိုဆွတ်" လိုသည့်ဇွဲ၊ လုံ့လနှင့်အတူ တိုင်းပြည်ကိုတည်ဆောက်ကြပါ။ မိမိတို့၏အိပ်မက်များကို အကောင်အထည်ဖော်ကြပါ။

ထို့ထက်ပို၍ သင်တို့သည် မြန်မာ့မြေကိုအခြေပြုလျက် ကမ္ဘာကိုယှဉ်နိုင်သော "ကမ္ဘာ့နိုင်ငံသား (Global Citizens)"များဖြစ်လာကြရန် ကျွန်ုပ်တို့အထူးမျှော်လင့်ပါသည်။ ဤမွန်မြတ်သော စိတ်ဓာတ်ကို ဖွံ့ဖြိုးစည်ပင်ပြန့်ပွားအောင်ဆောင်ရွက်ရင်း နိုင်ငံတော်နှင့်မြန်မာ့လူ့အဖွဲ့အစည်းကို အမြင့်ဆုံးသို့မြှင့်တင်ပေးကြပါ။ "အစ်ကို့ဆုတောင်း" အတိုင်း တိုင်းကျိုးပြည်ကျိုးကိုသယ်ပိုးနိုင်ကြပြီး အောင်မြင်သူတို့၏အထက်က မြင့်မြတ်သောခေါင်းဆောင်များအဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရဂုဏ်ယူစွာရပ်တည်နိုင်ကြပါစေကြောင်း ခိုင်မာစွာဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပညာတံခွန်စိုက်ကာ အနာဂတ်ကို အလင်းရောင်ဖြင့်တောက်ပကြပါစေ . . . ။ ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၄၄၊ ၀၉-၃၄၉၀၃၈၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၆၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၈၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၃၀၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၆၀၀)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ



ရန်ကုန် မေ ၅

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့စေတနာသဒ္ဓါတရားထက်သန်စွာလှူဒါန်းထားကြသော ဌေးကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၆၀၀)ကြိမ်မြောက် ထုတိအနုမောဒနာချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ဌေးများပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိဦးမင်းလွင်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များကလက်ခံရယူပြီး ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇမဟာရဋ္ဌသီရိ ဘဒ္ဒန္တကဉ္စနထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရားနာယူကြသည်။

ယနေ့ကျင်းပသောအလှူဌေးပေးအပ်ပွဲလှူဒါန်းပွဲတွင် ၂၀၂၆ခုနှစ် မတ်လ ၁ ရက်မှ ဧပြီလ ၃၀ ရက်အထိ ရွှေသင်္ကန်းတော်ရွေပြားအလှူရှင် ၃၄ ဦးက ဖကျပ်သားရွေပြား ၁ ချပ်၁၀ကျပ်သားရွေပြား ၄၇ ချပ်၊ ရွေပြားနှင့်ဌေးသားအလှူရှင် ၁၅၉ ဦးအပါအဝင် လှူဒါန်းဌေးစုစုပေါင်းဌေကျပ် ၃၆၀၃၉၀၅၁၀ ဖြစ်ကြောင်း သိရသည်။ **ခင်မောင်တင်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လာမည့်မိုးရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၅

မိုးရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရုံးအမှတ်(၂၇) ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌတို့မှ Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လာမည့်မိုးရာသီကာလအတွင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ စက်ွမ်းအားပြည့်လည်ပတ်နိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ဓာတ်အားထုတ်လုပ်မှု (Power Generation Mix) တွင် အခြေခံဝန်အားအတွက် ရေအားလျှပ်စစ်စက်ရုံများနှင့် သဘာဝဓာတ်ငွေ့စက်ရုံများကို အသုံးပြုလျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ရေအားလျှပ်စစ်စက်ရုံအချို့နှင့်မဟာဓာတ်အားလိုင်းများ ဖျက်ဆီးခံထားရမှုကြောင့် ယခုကဲ့သို့ အပူချိန်မြင့်မားသည့်အချိန်နှင့် ရေလျော့ဝင်တမံများတွင် ရေနည်းလာသည့်အချိန်တို့တွင် သဘာဝဓာတ်ငွေ့ကို ပိုမိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေရခြင်းဖြစ်ပါကြောင်း၊ မကြာမီမိုးကျလာတော့မည်ဖြစ်ရာ ကောင်းမွန်လျက်ရှိနေသည့် ရေအားလျှပ်စစ်စက်ရုံများအား စွမ်းအားပြည့်၍ လိုအပ်သည်များပြင်ဆင်ခြင်း၊



လည်ပတ်၍ ဓာတ်အားထုတ်ယူရမည်ဖြစ်ပါကြောင်း၊ ယင်းအတွက် တမံကြီးများအား ကြိုတင်စစ်ဆေး၍ ကြံခိုင်မှုကောင်းမွန်နေစေရန် စီမံဆောင်ရွက်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများအား ပြန်လည်စစ်ဆေး၍ လိုအပ်သည်များပြင်ဆင်ခြင်း၊ ချွတ်ယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာပါက အမြန်ပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာနယ်မြေများအလိုက် အရန်ပစ္စည်းများ စုဆောင်းရေး၊ သယ်ယူပို့ဆောင်ရေးယာဉ်ယန္တရားများ အဆင်သင့်ပြင်ဆင်ထားခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပိုမိုထွက်ရှိလာသည့် ဓာတ်အားများပို့ဆောင်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကြံခိုင်ရေးကိုလည်း စစ်ဆေးထားရန်လိုကြောင်း၊ ရေအားလျှပ်စစ်ကို ပိုမိုအသုံးပြုနိုင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့အသုံးပြုမှုကို လျှော့ချနိုင်ပါက သဘာဝဓာတ်ငွေ့ကို ဓာတ်မြေဩဇာစက်ရုံများအပါအဝင် အခြားစက်ရုံများအတွက် အသုံးပြုနိုင်သည်ဖြစ်၍ နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုတိုးတက်လာစေရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိုးရာသီအချိန်အတွင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများကို အကျိုးရှိရှိဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် အစီအမံများပြုလုပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီးတို့၏ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

ထူးခြားသည့် နေ့အပူချိန်များ

၅-၅-၂၀၂၆

ဆင်ဖြူကျွန်း	၄၁	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
အောင်လံ	၄၁	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
သာယာဝတီ	၄၁	ဒသမ	၃	ဒီဂရီဆဲလ်စီးယက်
မြဝတီ	၄၁	ဒသမ	၃	ဒီဂရီဆဲလ်စီးယက်
ချောက်	၄၁	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
မြင်းခြံ	၄၀	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်
ရွှေကျင်	၄၀	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်
ပြည်	၄၀	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်
မင်းဘူး	၄၀	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်
ဘားအံ	၄၀	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၅-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်ကိုင်	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၁၅	၄၇၀၀	၄၆၄၀	၄၅၃၀	၄၇၀၀	၄၇၁၅	၄၇၆၅	၄၆၁၀	၄၇၆၅	၅၀၀၅	၄၆၃၅	၄၇၅၅	၄၇၃၅	၄၆၉၀	၄၆၉၀	၄၉၀၀
95 Ron	၄၆၇၀	၄၈၆၀	၄၈၀၀	၄၆၈၅	၄၈၆၀	၄၈၇၀	၄၉၂၀	၄၇၇၀	၄၉၂၀	၅၁၄၀	၄၇၉၀	၄၉၄၀	၄၈၉၅	၄၈၅၀	၄၈၅၀	၅၀၆၀
HSD (500 ppm)	၅၂၇၅	၅၄၅၅	၅၃၉၅	၅၂၉၀	၅၄၅၅	၅၄၆၅	၅၅၁၅	၅၃၆၅	-	၅၈၂၀	၅၃၉၀	၅၈၉၅	၅၄၄၀	၅၄၄၅	၅၄၄၅	၅၆၄၅
HSD (50 ppm)	၆၄၅၅	၆၆၄၅	၆၅၈၀	၆၄၇၀	၆၆၄၅	၆၆၅၅	၆၇၀၅	၆၅၅၀	၆၇၀၅	၇၀၂၅	၆၅၇၅	၆၈၃၀	၆၆၀၀	၆၆၃၀	၆၆၃၅	၆၈၄၅
HSD (10 ppm)	၆၄၅၅	၆၆၄၅	၆၅၈၀	၆၄၇၀	၆၆၄၅	၆၆၅၅	၆၇၀၅	၆၅၅၀		၇၀၂၅	၆၅၇၅	၆၈၃၀	၆၆၀၀	၆၆၃၀	၆၆၃၅	၆၈၄၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၇၉	၄၃၉၉
95 Ron	၄၄၃၃	၄၅၅၅
HSD (500 ppm)	၅၀၃၃	၅၁၆၃
HSD (50 ppm)	၆၁၆၀	၆၃၁၃
HSD (10 ppm)	၆၁၆၀	၆၃၁၃





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ လူရည်ချွန်မောင်မယ်များအား ဆြဝါဒအမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လူရည်ချွန်မောင်မယ်များက အထိမ်းအမှတ်လက်ဆောင်ပြန်လည်ပေးအပ်စဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

အပြန်အလှန်နားလည်မှု၊ အချင်းချင်း ယုံကြည်လေးစားမှုနှင့်ခင်မင်ရင်နှီးမှုများ ရရှိလာနိုင်မည်ဖြစ်သဖြင့် မိမိတို့ဘဝ အတွက် အတွေ့အကြုံကောင်းများရနိုင်မည်ဖြစ်ကြောင်း။

မောင်တို့မယ်တို့အနေဖြင့် မိမိတို့ရရှိထားသည့် လူရည်ချွန်ဟူသည့်ဂုဏ်ပုဒ်၊ အဆင့်အတန်းနှင့်အညီ ပြောဆိုနေထိုင်ပြုမူလုပ်ကိုင်မှုများကိုမြှင့်တင်နိုင်အောင်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ **“အတ္တနှင့် ပရ”** မျှတမှုရှိအောင် ကျင့်ကြံနေထိုင်ကြရန်နှင့် ခေတ်စနစ်၏တိုးတက်မှုနည်းလမ်းများကို အမြဲမပြတ်ရှာဖွေနေရန် လိုအပ်သကဲ့သို့ မြန်မာမှုမြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မှေးမှိန်ပျောက်ကွယ်မသွားအောင်လည်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုအပ်ကြောင်း၊ လူငယ်ဘဝတွင် ရှိသင့်သည့်ကျင့်ဝတ်များဖြစ်သည့် သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်များကို လိုက်နာနေထိုင်ကြရန်နှင့် မိဘ၊ ဆရာသမားတို့ကို ရိုသေလေးစားပြီး ဘာသာတရား၏အဆုံးအမနှင့်အညီ ကိုယ်ချင်းစာမှု၊ သည်းခံခွင့်လွှတ်မှုဟူသည့် အခြေခံစိတ်ဓာတ်ကောင်းများ မွေးမြူကြရမည်ဖြစ်ကြောင်း၊ အများကလေးစားအတုယူရမည့်စံပြပုဂ္ဂိုလ်များဖြစ်အောင် အပတ်တကုတ် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။

ယခုကဲ့သို့ ၂၁ ရာစု အသိပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်မှာ ဘဝတစ်သက်တာ လေ့လာသင်ယူနေရန်၊ စွမ်းဆောင်ရည်ပြည့်ဝနေရန်လိုကြောင်း၊ ထိုသို့ဆိုပါက မိမိတို့ကိုယ်တိုင် အစဉ်အမြဲလေ့လာသင်ယူနေရန်နှင့် ပြင်ပဗဟုသုတနှင့်အသိပညာအတွက် စာအုပ်စာပေများ ဖတ်ရှုရမည်ဖြစ်ကြောင်း၊ **“ဖတ်လျှင် အမြင်ကျယ်၊ မှတ်လျှင်ပညာမြင့်၊ ကျင့်သော် အောင်မြင်၊ သင်သော် ထူးချွန်၊ ဘဝအတွက် စာကောင်းပေမွန်”** ဆိုသည့်စကားအတိုင်း စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကို စွဲစွဲမြဲမြဲလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ထို့ပြင် ပညာသင်ရာဌာနများဖြစ်သည့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင်လည်း လူငယ်စကားဝိုင်းများ၊ စာပေဟောပြောပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ ပညာရေးနှီးနှောဖလှယ်ပွဲများနှင့် လူငယ်များကို ဘက်ပေါင်းစုံထူးချွန်စေမည့်၊ ဗလငါးတန်ပြည့်ဝစေမည့် လူပ်ရှားဆောင်ရွက်မှုများ ကျင်းပပေးကြရန် လေးလေးနက်နက်မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံကို ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူစွမ်းအားအရင်းအမြစ်များ အများကြီး လိုအပ်ကြောင်း၊ ထို့ကြောင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရနှင့် အတူ မိဘများ၊ ဆရာများအပါအဝင် တာဝန်ရှိသူများနှင့် နိုင်ငံသားအားလုံးက တစိုက်မတ်မတ် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

“လူရည်ချွန်” ဟူသည့် ဂုဏ်သိက္ခာနှင့် လျော်ကန်သင့်မြတ်သည့် တာဝန်ဝတ္တရားကို ကျေပွန်အောင်ထမ်းဆောင်ကြရန်၊ အမျိုးသားအကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ကြရန်၊ နိုင်ငံတကာအသိုက်အဝန်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ခန့်ညားထည်ဝါစွာ ရပ်တည်နိုင်ရေး အစဉ်တစိုက်ကြိုးပမ်းကြရန်၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်များနှင့် စည်းလုံးညီညွတ်ပြီး အနာဂတ်နိုင်ငံတော်ကြီးတည်ဆဲမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ်၊ လူရည်ချွန်စခန်းအလိုက် အထိမ်းအမှတ်အလံများကို လူရည်ချွန်မောင်မယ်များထံပေးအပ်ပြီး လူရည်ချွန်မောင်မယ်များက အထိမ်းအမှတ်လက်ဆောင်ပြန်လည်ပေးအပ်သည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ဒွါဒသမတန်းမှ မောင်စွမ်းသူအောင်က ဂါရဝပြု ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှအနုပညာရှင်ဝန်ထမ်းများက လူရည်ချွန်မောင်မယ်များနှင့်အတူ “လူရည်ချွန်စွမ်းအား” တေးသီချင်း၊ “လူငယ်စွမ်းရည်” တေးသီချင်းတို့ဖြင့် စုပေါင်းသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ၾသဂုတ်လ ၂၀၂၅ ခုနှစ်တွင် ဆြဝါဒခံယူပွဲ ကျင်းပခဲ့ပြီးနောက် ယခုအခါ ပညာသင်နှစ်အသစ်တွင် ဆြဝါဒခံယူပွဲများ ထပ်မံကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ၾသဂုတ်လ ၂၀၂၅ ခုနှစ်တွင် ဆြဝါဒခံယူပွဲများသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်များနှင့် နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် လူရည်ချွန်မောင်မယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ ဒွါဒသမတန်းမှ မောင်စွမ်းသူအောင်က ဂါရဝပြုကျေးဇူးတင်စကားပြောကြားစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “နိုင်ငံတော်သစ်၏ စွမ်းအားရှင်များ” အစီအစဉ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝန်ကြီးဌာနများအလိုက် ပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ၛင်းနောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက “ထာဝရပညာ” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် “လူရည်ချွန်မောင်မယ်များမှသည် ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ဆီသို့” Video Clip အား ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဩဝါဒအမှာစကားပြောကြားရာတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ကို စတင်လျှောက်လှမ်းသည့် အချိန်ကာလတွင် နိုင်ငံတော်က အားထားရသည့် လူရည်ချွန်မောင်မယ်များနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်သည့်အခါတွင် မောင်တို့မယ်တို့ကဲ့သို့ လူတော်လူကောင်း၊ လူရည်ချွန်လူရည်မွန်များ၏စွမ်းအားနှင့် ပူးပေါင်းပါဝင်မှုသည် အထူးအရေးကြီးသည့်အတွက် လိုအပ်သည်များ မှာကြားလိုကြောင်း။

“လူရည်ချွန်” ဆိုသည်မှာ ထူးချွန်ထက်မြက်သူ၊ အသိဉာဏ်ပညာပြည့်ဝသူ၊ အများထက်သာလွန်အောင် ကြိုးစားအားထုတ်နိုင်သူ၊ ပင်ကိုစွမ်းရည်မြင့်မားသူများဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည် ထိုသို့ အရည်အချင်းများနှင့် ပြည့်စုံကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် **“လူရည်ချွန်”** ဆိုသည့်ဂုဏ်ဒြပ်ကို ထိုက်ထိုက်တန်တန် အပ်နှင်းခြင်းခံရပြီး ယခုအချိန်တွင် ဂုဏ်သတင်းကောင်းနှင့် ကျော်စောသည့်သူများဖြစ်သကဲ့သို့ အနာဂတ် နိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်ကြမည့် မျိုးဆက်သစ်လူငယ်များလည်း ဖြစ်ကြကြောင်း။

မောင်တို့မယ်တို့သည် စာပေဘာသာရပ်များကိုသာ ကျွမ်းကျင်ပိုင်နိုင်ခြင်းမဟုတ်ဘဲ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှု၊ တစိုက်မတ်မတ်လေ့ကျင့်မှု စသည့် ကာယ၊ ဉာဏ်စွမ်းအားများနှင့် စစ်ဆေးအကဲဖြတ်မှုအဆင့်ဆင့်ကို ယှဉ်ပြိုင်ကျော်ဖြတ်နိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ ခိုင်မာတည်ကြည်သည့်စိတ်ဓာတ်နှင့် ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ခဲ့သဖြင့် အောင်မြင်မှုများရရှိပြီး မိမိမိသားစု၊ မိမိကျောင်း၊ မိမိဒေသအတွက် ဂုဏ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အများက စံပြုထိုက်သည့် မောင်တို့မယ်တို့ကို ယခုကဲ့သို့ အခမ်းအနားကျင်းပပြီး တွေ့ဆုံဂုဏ်ပြုရခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့်လူငယ်များ၏အင်အားဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ **လူငယ်တိုင်းသည် နိုင်ငံကို ဦးဆောင်နိုင်သူမဖြစ်သော်လည်း လူငယ်အားလုံးသည် နိုင်ငံတော်၏အနာဂတ်ကို အကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏လူစွမ်းအားအရင်းအမြစ်များပင်ဖြစ်**ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ဗလငါးတန်ပြည့်စုံသည့် ပညာတတ် လူရည်ချွန်လူရည်မွန်များ ပေါ်ထွက်လာအောင် လူငယ်ကဏ္ဍနှင့် ပညာရေးကဏ္ဍကို အလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူငယ်များသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏ အဓိကအင်အားစုဖြစ်သည့်အတွက် အသိပညာ အတတ်ပညာပြည့်ဝရန်လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးကြရမည်ဖြစ်ကြောင်း၊ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် မိမိတို့နိုင်ငံ၏ ကောင်းမြတ်သည့်အစဉ်အလာနှင့် ဓလေ့ထုံးစံများ၊ သမိုင်းကြောင်းများ၊ သဘာဝတောတောင်ရေမြေများ၊ သယံဇာတအရင်းအမြစ်များကို တန်ဖိုးထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန်လည်း လိုအပ်ကြောင်း။

နိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်၊ ထိန်းသိမ်းကာကွယ်လိုသည့်စိတ် လူငယ်ထုအတွင်း ထာဝရကိန်းအောင်းနေရန်အတွက် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်၊ လူရည်ချွန် စသည်ဖြင့် လူငယ်လူရွယ်များကို နယ်ပယ်အစုံတွင် နှစ်ပေါင်းများစွာ လေ့ကျင့်မွေးထုတ်ပေးနေခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အချို့နှစ်များတွင် ဆောင်ရွက်နိုင်ခြင်းမပြုနိုင်ခဲ့သော်လည်း ယခုလူငယ်များအတွက် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်အရည်အသွေးမြင့်မားရေးကို အလေးထားဆောင်ရွက်နေပြီဖြစ်ကြောင်း။

လူရည်ချွန်စီမံကိန်းဆိုသည်မှာ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့်၊ ထူးချွန်ထက်မြက်ပြီး ဗလငါးတန်ပြည့်ဝသည့် လူကောင်းလူတော်များ၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများမှတစ်ဆင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ပညာတတ်လူငယ်များ ပေါ်ထွန်းလာရန်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝန်ကြီးဌာနများအလိုက် ပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

❖ လူငယ်များသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏အဓိကအင်အားစုဖြစ်သည့်အတွက် အသိပညာ အတတ်ပညာပြည့်ဝရန်လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ် ရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးကြရမည်ဖြစ် . . .

❖ နိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်၊ ထိန်းသိမ်းကာကွယ်လိုသည့်စိတ် လူငယ်ထုအတွင်း ထာဝရကိန်းအောင်းနေရန်အတွက် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်၊ လူရည်ချွန် စသည်ဖြင့် လူငယ်လူရွယ်များကို နယ်ပယ်အစုံတွင် နှစ်ပေါင်းများစွာ လေ့ကျင့်မွေးထုတ်ပေးနေခြင်းဖြစ် . . .

❖ မိမိတို့နိုင်ငံကို ကဏ္ဍာစုံဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူစွမ်းအားအရင်းအမြစ်များ အများကြီးလိုအပ်၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသည့်ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍာဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရနှင့်အတူ မိဘများ၊ ဆရာများအပါအဝင် တာဝန်ရှိသူများနှင့် နိုင်ငံသားအားလုံးက တစိုက်မတ်မတ်အလေးထားဆောင်ရွက် . . .

ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူအချင်းချင်း လူရည်ချွန်ရွေးချယ်ခံရသူများကို အားကျအတုယူလိုစိတ်၊ မိမိကိုယ်တိုင် လူရည်ချွန်ဖြစ်အောင် ကြိုးစားလိုစိတ်များနှင့် ကောင်းသောယှဉ်ပြိုင်မှုများနှင့် အဘက်ဘက်မှ လေ့လာသင်ယူလိုစိတ်များကို မြှင့်တင်ပေးခြင်းလည်းဖြစ်ကြောင်း၊ ထိုသို့ကောင်းမြတ်သည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသည့် လူရည်ချွန်စီမံကိန်းသည် ဆယ်စုနှစ်များစွာ သန္ဓေတည်ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံ့သားကောင်းရတနာများမွေးထုတ်ပေးရာ အစဉ်အလာကောင်းသည့် ပညာရေးစီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း၊ ယခင်က လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသူများသည် ယခုအချိန်တွင် နိုင်ငံ့တာဝန်များကို အဆင့်မြင့်စွာထမ်းဆောင်နေကြသူများရှိသကဲ့သို့ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များနှင့် အဖွဲ့အစည်းများတွင်လည်း ပါဝင်အကျိုးပြုနေပြီကို မောင်တို့မယ်တို့အသိပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အသီးသီးတို့၌ လူရည်ချွန်ရွေးချယ်ခံခဲ့ရသူ (၁၂) ဦးပါဝင်ကြောင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူနိုင်ရေး အသိပေးပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၂၃ ခုနှစ်တွင် လူရည်ချွန် (၄၇၈)ဦး၊ ၂၀၂၄ ခုနှစ်တွင် လူရည်ချွန် (၅၅၄)ဦး၊ ၂၀၂၅ ခုနှစ်တွင် လူရည်ချွန် (၇၅၄)ဦး ရွေးချယ်နိုင်ခဲ့ကြောင်း။

ယခုနှစ်အခြေခံပညာကဏ္ဍာတွင် နဝမတန်း လူရည်ချွန် (၉၆)ဦး၊ ဒသမတန်း လူရည်ချွန် (၁၃၂)ဦး၊ ဧကာဒသမတန်း လူရည်ချွန် (၁၃၃)ဦး၊ ဒွါဒသမတန်း လူရည်ချွန် (၉၉)ဦးနှင့် အဆင့်မြင့်ပညာကဏ္ဍာတွင် ပထမနှစ်လူရည်ချွန် (၁၄၈)ဦး၊ ဒုတိယနှစ် လူရည်ချွန်(၁၄၃)ဦး ရွေးချယ်နိုင်ခဲ့ပြီး စုစုပေါင်းလူရည်ချွန် (၇၅၁) ဦး မွေးထုတ်နိုင်ခဲ့ကြောင်း၊ လူရည်ချွန် ၇၅၁ ဦးတွင် ၅ ထပ်ကွမ်း ၂ ဦး၊ ၄ ထပ်ကွမ်း ၃၁ ဦး၊ ၃ ထပ်ကွမ်း ၆၈ ဦး၊ ၂ ထပ်ကွမ်း ၁၉၆ ဦးနှင့် ပထမအကြိမ် ရွေးချယ်ခံရသူ ၄၅၄ ဦး ပါဝင်ကြောင်း။

ထိုသို့ ထူးချွန်ထက်မြက်သည့် လူရည်ချွန်များကို အစဉ်လေ့ကျင့်မွေးထုတ်ပေးနေပြီး နိုင်ငံအတွက်လိုအပ်သည့် **"အသိပညာအဆောက်အအုံ"** တောင့်တင်းခိုင်မာအောင် အုတ်မြစ်ချဆောင်ရွက်ပေးနေသည့် ပညာရေးဝန်ကြီးဌာနကိုလည်း အသိအမှတ်ပြုသည်ကိုပြောလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုနှစ် လူရည်ချွန်ကျောင်းသားလူငယ်များ၏ ထူးချွန်ထက်မြက်မှု၊ ကြိုးစားအားထုတ်မှုကို ဂုဏ်ပြုသည့်အနေဖြင့် နဝမတန်းလူရည်ချွန်များကို ပြင်ဦးလွင်လူရည်ချွန်စခန်း၊ ဒသမတန်း လူရည်ချွန်များကို အင်းလေးလူရည်ချွန်စခန်း၊ ဧကာဒသမတန်း လူရည်ချွန်များကို ငွေဆောင်လူရည်ချွန်စခန်း၊ ဒွါဒသမတန်း လူရည်ချွန်များကို နေပြည်တော်လူရည်ချွန်စခန်း၊ တက္ကသိုလ် ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန်များကို ချောင်းသာလူရည်ချွန်စခန်းတို့သို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း။

ယခုခရီးစဉ်သည် မိမိတို့၏ကြိုးစားမှု၊ အရည်အချင်းနှင့် အစွမ်းအစများကြောင့် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သဖြင့် ယခုခရီးစဉ်တွင် ပါဝင်ခွင့်ရသည်ကို ဂုဏ်ယူတန်ဖိုးထားစေချင်ကြောင်း၊ ခရီးစဉ်တစ်လျှောက်တွင်လည်း မိဘပြည်သူများ၊ တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုကြိုဆိုကြမည်ဖြစ်ကြောင်း။

ထို့အပြင် ခရီးစဉ်အတွင်း ဒေသအသီးသီးမှ ပညာကိုတန်ဖိုးထားသည့် သက်တူရွယ်တူ သူငယ်ချင်းများနှင့်တွေ့ဆုံပြီး အသိပညာများ ဖလှယ်နိုင်ကြမည်ဖြစ်သကဲ့သို့ ဒေသန္တရဗဟုသုတများရရှိဖွေနိုင်ကြမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့နှင့် စုပေါင်းဆောင်ရွက်တတ်မှု၊ အများနှင့်လိုက်လျောညီထွေနေထိုင်တတ်လာမှုနှင့် **စာမျက်နှာ ၁၅ သို့** ★

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

President of the Republic of the Union of Myanmar U Min Aung Hlaing gives guidance to outstanding students for academic year 2025-2026 Although not every youth will be able to lead a country, all youths are human resources that will shape the future nation

NAY PYI TAW May 5

A ceremony to seek guidance from President of the Republic of the Union of Myanmar U Min Aung Hlaing by the outstanding students for academic year 2025-2026 took place at Naypyitaw State Academy here this morning, addressed by President U Min Aung Hlaing.

Also present were Vice President Daw Nang Ni Ni Aye, Speaker of Pyithu Hluttaw U Khin Yi, Speaker of Amyotha Hluttaw U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, Deputy Commander-in-Chief of Defence Services Commander-in-Chief(Army) General Kyaw Swa Lin, union ministers, union level dignitaries, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, deputy ministers, the Nay Pyi Taw Command commander, deputy ministers, officials of the Ministry of Education, teachers from basic education schools, marine youths and aviation youths.



President of the Republic of the Union of Myanmar U Min Aung Hlaing gives guidance to outstanding students.

The President arrived at the Naypyitaw State Academy and was heartily welcomed by officials, outstanding students, marine youths and aviation youths.

The President formally opened the program "Proficient Ones of the New State" by pushing a button.

The President and attendees looked around the ministry-wise booths at the ceremony with keen interest.

At the second part of the ceremony, the President and attendees paid respects to the Flag of the Republic of Union of Myanmar.

Artistes from the Ministry of Hotels and Tourism and Fine Arts Department of the Ministry of Culture staged the song "Eternal Wisdom".

See Page - 20 ●●



President U Min Aung Hlaing accepts a commemorative pennant.



President U Min Aung Hlaing hears a report on a scale model of a building.

Military columns retake control of Mawlu town, temporarily held by KIA and PDF-designated terrorist insurgents

NAY PYI TAW May 5

The military, in cooperation with local residents, has been conducting counter-terrorism operations in areas temporarily controlled by terrorist insurgents who are committing acts of violence, in order to restore national stability, peace, and development. As a result, it has been gradually regaining control. On April 30, it fully recaptured and secured Indaw town in Katha District, which had been temporarily held by terrorists. Today, it has further retaken control of Mawlu town in Indaw Township, which was also temporarily under the control of terrorist insurgents.

Mawlu town is located within Indaw Township, Katha District, situated 20 miles north of Indaw town. It lies along the Shwebo-Myitkyina road, a key inter-state route connecting Sagaing Region and Kachin State. This makes it a strategically important location for transportation and trade.

After the military columns recaptured and secured Indaw town, they continued clearing operations and expanding their foothold in the surrounding areas. To retake Mawlu town, they divided into columns and advanced strategically. On May 2, they recaptured Nar Ma Kyaing Village, Pint Tin Village, and Na Bar Gyi Village between Indaw and Mawlu towns. On May 3, they recaptured Point 305 hill and Pin We New Village. On May 4, they recaptured Tone Lone Village and Hpar Pan Village. Today, on May 5, military columns have fully retaken control of Si Pein Village, Nar Hkwin Kyin Village, and Mawlu town.

During clearing operations

See Page - 21 ▸▸

Military columns retake Mawlu town, which had been temporarily controlled by joint terrorist insurgent groups.





The Mawlu town station hospital retaken.





The administration office and departmental buildings retaken.





Local residents from villages welcome the military columns with victory flowers as they march to take control of Mawlu.



A motor vehicle used by terrorist insurgents to illegally transport fuel seized.



Seized barrels of fuel from illegal fuel storage sites operated by terrorist insurgents along the route during the advance to take Mawlu.



Terrorist insurgents destroyed departmental buildings and constructed bunkers inside them.

●● From Page - 18

The President and attendees watched a video clip on "From the Outstanding Students to the Developing Future".

In his address, the President stated that it is a pleasure and an honor to address these outstanding students—the future pillars of the nation—at a time when the journey toward a new democratic State has begun. He noted that he would provide necessary guidance, as the efficiency and involvement of virtuous, talented, and brilliant individuals are of vital importance.

An outstanding person is one who possesses efficiency, intelligence, exceptional character, and high talent. Outstanding students are those imbued with these very qualities. In this regard, you truly deserve the title of **"Outstanding."** Having already earned a reputation for excellence, you are now poised to become the new generation that will shape the future of the nation.

Outstanding students are not only brilliant in their academic studies; they are also those who have successfully passed every stage of evaluation, including assessments of physical fitness, morale, discipline, zeal, perseverance, and intellectual ability. Having reached your goals through steadfastness and success, you have brought honor to your families, schools, and regions. Therefore, today's ceremony is held to honor you as students who deserve to be role models for the nation and the public.

To achieve development, a nation must be built upon healthy, fit, and capable youth. **While not every young person will lead the country, all youth serve as the human resources that will shape the nation's future.** The State is prioritizing the youth and education sectors with the utmost seriousness to cultivate brilliantly educated individuals who uphold high moral standards and possess the Five Strengths.

He stated that since the youth are the future of the nation and its primary strength, it is essential for them to be well-versed in knowledge and skills, while also possessing patriotism and a desire to serve the interests of the public and the country. He further emphasized that it is necessary for them to value and safeguard national prestige, integrity, the noble traditions and customs of the country, its history, its natural landscapes, and its natural resources.

Also, he stated that in order to ensure that love for the country and a desire to protect and safeguard it remain eternally in the hearts of the youth, young people have been trained and nurtured in various fields for many years through programs such as maritime youth, aviation youth, scouts, and outstanding students. He further noted that although these activities could not be carried out in some years due to various reasons, emphasis is now being placed on improving the morale, discipline, and capabilities of the youth.

Then, he stated that the Outstanding Students Project aims to nurture healthy, morally upright, and brilliant young intellectuals who possess the "Five Strengths" and are capable of contributing to the nation's interests through practical educational development. He explained that the project encourages students to emulate those selected as outstanding, fostering a desire to strive for excellence, healthy competition, and a spirit of comprehensive learning. He added that this noble initiative has evolved over decades into a prestigious educational tradition for producing valuable human resources. He noted that former outstanding students are now serving in high-ranking State positions or contributing to their respective professional fields and organizations, as the students are aware. He also shared, with pride, that there are twelve former outstanding students currently serving within the various government bodies.

He stated that the state was able to select 478 outstanding students in 2023, 554 in 2024, and 728 in 2025.

He then stated that in the basic education sector this year, 96 outstanding students were selected from Grade 9, 132 from Grade 10, 133 from Grade 11, and 99 from Grade 12, while in the higher education sector, 148 first-year and 143 second-year outstanding students were chosen, making a total of 751 outstanding students. Among these 751 students, there are 2 five-time winners, 31 four-time winners, 68 three-time winners, 196 two-time winners, and 454 first-time awardees.

He further expressed his recognition of the Ministry of Education for its efforts in consistently nurturing these brilliant students and for laying the foundation to strengthen the **"Knowledge Infrastructure"** required by the nation.

He also stated that in recognition of the excellence and efforts of this year's outstanding students, the government will send Grade 9 students to the PyinOoLwin camp, Grade 10 students to the Inle camp, Grade 11 students to the Ngwehsaung camp, Grade 12 students to the Nay Pyi Taw camp, and first-year and second-year university students to the Chaungtha camp.

He added that since this trip is a State-level honor earned through their own hard work, talent, and capabilities, he wants them to take pride in and value their participation. He further noted that throughout the journey, parents, the public, and officials will provide the outstanding students with a fitting and honorable welcome.

Moreover, the youth will have an opportunity to share knowledge with their peers from respective regions and seek regional knowledge during the trip. It also provides better experience as the youth will gain the ability to cooperate in team work, live harmoniously with others and build mutual understanding, trust and friendship.

You all are required to exert efforts to enhance the behaviour and actions to meet the image and standards of title **"Outstanding."** It is also necessary for you to try to live by striking a balance between **selfishness and philanthropic mindset** and seek ways and means to catch up with the development of the times and system while preserving Myanmar principles, Myanmar styles and Myanmar traditions. You are also required to abide by ethical principles that should be nurtured since youthhood such as ethical rules for offspring and pupils and to pay respects to parents and teachers and to nurture fundamental mindsets such as sympathy and tolerance in accordance with religious teachings. You are also urged to exert efforts to be role models for many others.

To overcome the challenges of the 21st Century knowledge age, you are required to be filled with the ability to do life-long learning. Therefore, you must read books for life-long self-learning, practical knowledge and wisdom. You are urged to consistently nurture the habit of reading books in accordance with the saying **"Reading broadens your horizons; Knowledge enhances your wisdom; Practice makes perfect. It is high quality literature that makes you an outstanding person."**

Furthermore, I would like to solemnly urge all to organize activities such as youth debates, literary talks, research paper reading sessions, knowledge sharing events and others that will enhance the all-round development and five strengths of youths in educational institutions like basic education school and universities.

To build our country into an all-round developed democracy union, we need a large number of outstanding human resources like intellectuals and experts. Therefore, all officials and citizens including parents and teachers are urged to consistently make concerted efforts in cooperation with the government for all-round development of the education sector in accordance with the motto "**Let us ensure education sector for the development of the Nation."**

In conclusion, the President urged all to perform duties that are appropriate for the title **"Outstanding,"** to contribute to the development of national interests by cooperating in any role assigned, to consistently exert efforts for Myanmar to stand tall as a modern and developed country in the international community and to make efforts for stability and development of the country through patriotism, the love for the country and unity.

Then, the President presented commemorative flags for respective camps for outstanding students in 2026 to outstanding students, who presented commemorative gifts to the Presidents.

Afterward, Grade-12 student Maung Swan Thu Aung from No.5 Basic Education High School, Zabuthiri Township in Nay Pyi Taw Council Area spoke respectful words of thanks on behalf to outstanding students for the 2025-2026 academic year.

Then, artistic staff from Myanmar Radio and Television of the Ministry of Information sang the songs "Power of outstanding students" and "Capabilities of Youths" together with outstanding students.

Afterward, the President and attendees posed for documentary photographs with outstanding students.

Then, the President and party enjoyed the luncheon together with outstanding students, marine youths and aviation youths.

After the luncheon, the President cordially greeted outstanding students.

100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Vice-President U Nyo Saw delivers speech at the ceremony to mark the 80th Anniversary of Myanmar Fire Brigade Day

NAY PYI TAW May 5

Vice-President of the Republic of the Union of Myanmar U Nyo Saw attended and delivered a speech at the ceremony to mark the 80th Anniversary of Myanmar Fire Brigade Day held at the Myanmar International Convention Centre I (MICC I) in Nay Pyi Taw this morning.

Also present at the ceremony were Union ministers, Union-level dignitaries, deputy ministers, the Chairman of the Myanmar War Veterans Organization and officials, senior military officers, departmental heads, officers and members of Myanmar Fire Brigade Headquarters, retired senior fire officers, officials from social organizations, representatives from permanent, auxiliary and separate fire brigades from regions and states, outstanding fire brigade members and guests.

At the outset, the Vice-President delivered a speech. He said: Today marks a special occasion for the 80th Anniversary of Myanmar Fire Brigade Day, which has stood throughout successive eras with a strong historical legacy, protecting the lives, homes, and property of ethnic national people from fire hazards and various other dangers. It is hereby recognized and honoured that whenever the nation has faced disasters, the Fire Brigade has not only carried out fire prevention duties but has also made utmost efforts, even at the risk of life, in rescue and recovery operations.



Vice-President U Nyo Saw delivers a speech at the ceremony to mark the 80th Anniversary of Myanmar Fire Brigade Day.

The Fire Brigade, in accordance with the guidance of the Ministry of Home Affairs, is implementing four major objectives. Firefighting duties are tasks that require immediate and timely emergency response and action. In today's context, the Fire Brigade is not limited to firefighting alone; in addition to search and rescue operations, it must also promptly carry out public service functions such as disaster management and emergency medical response. Therefore, the duties carried out by the Fire Brigade cannot be fully accomplished through its own efforts alone; they can become stronger and more effective only with the cooperation and participation of the public.

With regard to natural disaster incidents, in disaster-affected areas, under the management of the Government, fire brigade members, together with the Tatmadaw, the Myanmar Police Force, other relevant departments, and social organizations, have been able to cooperate and coordinate effectively and promptly in responding to every disaster encountered. Lessons have been drawn from the Mandalay earthquake incident, and the State has already granted approval to establish two Urban Search and Rescue (USAR) Medium Teams in line with international standards. Continuous training and preparation must be carried out to further enhance the operational capacity of fire service personnel. It is also a matter of great satisfaction that fire service members have won medals in international skill competitions, thereby bringing honour to the nation, and it is strongly urged that such good traditions be continued and maintained.

The future Fire Brigade needs to continue standing as an organization with a stronger structure, higher capabilities, and the ability to keep pace with international standards. Therefore, all fire service personnel must maintain discipline and continuous training, while striving to improve their individual qualities, and must continue to perform their duties with a high sense of responsibility as good public servants. He stated that, since fire service members carry out rescue operations by risking their own lives and bodies, the dignity of those who have sacrificed and served across generations should be respected and honoured. Efforts must be made to continuously build the Fire Brigade into a strong and reliable force trusted by the public, one that can protect the lives, homes, and property of the people for many years to come.

The Vice-President presented honorary awards to renowned vocalist U Tun Shwe who sings the song titled "Beware of Fire", former auxiliary and permanent fire brigade members above 90 years old Fire Sergeant U Tun Kyi and U Thaung Myint, Deputy Commanding Officer (Retd) U Chit Hlaing of Auxiliary Fire Brigade and Deputy Fire Staff Officer (Retd) U Tin Nyunt.

Union Minister for Home Affairs Lt-Gen Nyunt Win Swe presented a commemorative gift to the Vice-President. The Union minister awarded in Ye Bala medallists.

The Vice-Pesident watched a documentary video clip on the celebration of the 80th Anniversary of Myanmar Fire Brigade Day. He viewed round documentary photos, ancient fire extinguishers, modern emergency response communication facilities, modern equipment for fire extinguishing, devices for search and rescue operations is played at the hall, fire engines and machines used in the successive eras displayed in front of the centre, and observed the search dog demonstration.

Myawady

►► From Page - 19

to fully regain control of Mawlu town and its surrounding areas, security forces engaged in clashes with terrorist insurgents. They recovered bodies, weapons, and also seized illegal fuel storage sites containing iron drums of fuel, plastic barrels, fuel tanks, and vehicles.

Local residents who had suffered severe oppression at the hands of the terrorist insurgents warmly welcomed the military columns advancing through the reclaimed areas, holding victory flowers and garlands along the entire route.

Military columns are currently conducting necessary area control operations in these regions and are accelerating security and control efforts to quickly reopen the Mawlu-Nant Si Aung road section. **100**



Seized barrels of fuel from illegal fuel storage sites operated by terrorist insurgents along the route during the advance to take Mawlu.



A motor vehicle used by terrorist insurgents to illegally transport fuel seized.



Terrorist insurgents destroyed departmental buildings and constructed bunkers inside them.


ဝ ကျောဖုံးမှအဆက်

ပြန်လည်ထိန်းချုပ်လျက်ရှိရာ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော ကသာခရိုင်၊အင်းတော်မြို့ကို ဧပြီလ ၃၀ ရက်နေ့တွင် အလုံးစုံပြန်လည် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နယ်၊မော်လူးမြို့အား ထပ်မံ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

မော်လူးမြို့သည် ကသာခရိုင်၊အင်းတော်မြို့နယ်တွင် ပါဝင်သည့် မြို့တစ်မြို့ဖြစ်ပြီး အင်းတော်မြို့၏ မြောက်တက်မိုင် ၂၀ အကွာတွင်တည်ရှိကာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ကို ဆက်သွယ်ထားသည့် အချက်အချာကျသည့် ပြည်နယ်ချင်းဆက်လမ်းတစ်လမ်းဖြစ်သော ရွှေကို-မြစ်ကြီးနား ကားလမ်းဘေး၌တည်ရှိရာ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အရေးကြီးသည့်နေရာတွင် တည်ရှိသည့် ဒေသတစ်ခုဖြစ်သည်။

တပ်မတော်စစ်ကြောင်းများသည် အင်းတော်မြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီးနောက် အဆိုပါဒေသတစ်ဝိုက် နယ်မြေရှင်းလင်းခြင်းအောင်မြေချဲခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ပြီး မော်လူးမြို့အား ဆက်လက်သိမ်းပိုက် ထိန်းချုပ်နိုင်ရေး စစ်ကြောင်းများခွဲ၍ စစ်နည်းဗျူဟာမြောက်ချီတက်ရှင်းလင်းခဲ့ရာ အင်းတော်မြို့နှင့် မော်လူးမြို့အကြားရှိနားမကြိုင်းရွာ၊ပင့်တင်ရွာနှင့် နဘားကြီးရွာတို့အား မေလ ၂ ရက်နေ့တွင်လည်းကောင်း၊ ပွိုင့်-၃၀၅ တောင်ကုန်းနှင့် ပင်ဝယ်ရွာသစ်တို့အား မေလ ၃ ရက်နေ့တွင် လည်းကောင်း၊ တုံလုံရွာနှင့် ဖားပန်ရွာတို့အား မေလ ၄ ရက်နေ့တွင်လည်းကောင်း အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး မေလ ၅ ရက် ယနေ့တွင် တပ်မတော်စစ်ကြောင်းများသည် စီပိန်းရွာ၊ နားခွင်းကျင်ရွာ၊ မော်လူးမြို့အား အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မော်လူးမြို့နှင့် အဆိုပါ ဒေသတစ်ဝိုက်အား အလုံးစုံပြန်လည်ထိန်းချုပ်ရန် နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများရှိခဲ့ပြီး သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်များ သိမ်းဆည်းရရှိခဲ့သည့်အပြင် အကြမ်းဖက်သောင်းကျန်းသူများ တရားမဝင် လုပ်ကိုင်နေသည့် စက်သုံးဆီသိုလှောင်သည့်နေရာများမှ စက်သုံးဆီထည့် သံပီပါခွံများနှင့် **စာမျက်နှာ ၂၃ သို့ ဝ**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်။





တပ်မတော်စစ်ကြောင်းများက မော်လူးမြို့ အခြေခံပညာအထက်တန်းကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား ပြန်လည် သိမ်းပိုက်ရရှိစဉ်။



အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများ မော်လူးမြို့သို့ ချီတက်သိမ်းပိုက်စဉ် ကျေးရွာများမှဒေသခံပြည်သူများက အောင်သပြေပန်းများဖြင့် ဝမ်းသာဂုဏ်ယူစွာ ကြိုဆိုကြစဉ်။





တပ်မတော်စစ်ကြောင်းများက ဌာနဆိုင်ရာ အဆောက်အအုံများအား ပြန်လည် သိမ်းပိုက် ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများက ဌာနဆိုင်ရာ အဆောက်အအုံများအား ပြန်လည် သိမ်းပိုက် ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများ မော်လူးမြို့သို့ချီတက်သိမ်းပိုက်စဉ် ကျေးရွာများမှ ဒေသခံပြည်သူများကအောင်သပြေပန်းများဖြင့် ဝမ်းသာဂုဏ်ယူစွာကြိုဆိုကြစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဌာနဆိုင်ရာအဆောက်အအုံများအား ဖျက်ဆီး၍ ဘန်ကာများပြုလုပ်ထားရှိမှုကိုတွေ့ရစဉ်။

ဂ စာမျက်နှာ ၂၂ မှအဆက်

ကော်ပီပါခွံများ၊ ဆီလျော်ကန်များနှင့် မော်တော်ယာဉ်များကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာအချို့ကို ပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်းချီတက်လာသော တပ်မတော်စစ်ကြောင်းများအား အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည့်ဒေသခံပြည်သူများက လမ်းကြောင်းတစ်လျှောက်လုံး၌ အောင်သပြေပန်းများ၊ ပန်းကုံးများကိုဝဲဆောင်ကာ သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ကာ မော်လူး - နန့်စီးအောင်လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)





တပ်မတော်စစ်ကြောင်းများ မော်လူးမြို့သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်စဉ် လမ်းကြောင်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ တရားမဝင်လုပ်ကိုင်နေသော စက်သုံးဆီသိုလှောင်သည့် နေရာများမှ ဝိပါခွံများအား သိမ်းဆည်းရမိစဉ်။





တပ်မတော်စစ်ကြောင်းများ မော်လူးမြို့သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်စဉ် လမ်းကြောင်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ တရားမဝင်လုပ်ကိုင်နေသော စက်သုံးဆီသိုလှောင်သည့် နေရာများမှ ဆီသိုလှောင်ကန်များအား သိမ်းဆည်းရမိစဉ်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဗီယက်နမ်သမ္မတ၏ အိန္ဒိယနိုင်ငံခြစ်ကြည်ရေးခရီးစဉ်အတွင်း BrahMos ဒုံးကျည်များဝယ်ယူရေး ဆွေးနွေးဖွယ်ရှိ



နယူးဒေလီ၊ ချစ်ကြည်ရေး

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်သမ္မတ တိုလမ်သည် အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် မေလ ၅ ရက်တွင် ရောက်ရှိလာပြီး ယင်းခရီးစဉ်အတွင်း ရှရှားနှင့်အိန္ဒိယတို့ ပူးပေါင်းထုတ်လုပ်ထားသည့် BrahMos ဒုံးကျည်များ ဝယ်ယူရေးကိစ္စကို ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

တိုလမ်သည် သမ္မတအဖြစ်ရွေးချယ်ခံရပြီးနောက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးလာရောက်ခြင်းဖြစ်ပြီး နယူးဒေလီမြို့သို့ မသွားရောက်မီ ဗုဒ္ဓဂယာသို့ ဦးစွာဝင်ရောက်လည်ပတ်သည်။ သမ္မတနှင့်အတူ ဝန်ကြီးများ၊ အစိုးရအဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ လိုက်ပါလာပြီး အိန္ဒိယနှင့် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ရန်ရည်ရွယ်ထားသည်။

BrahMos ဒုံးကျည်အရောင်းအဝယ် သဘောတူညီချက် ဖြစ်ပေါ်လာပါက သင်တန်းပေးမှုနှင့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများအပါအဝင် ရှုပ်ဘီလီယံ ဖိဂ ခန့် တန်ဖိုးရှိနိုင်ကြောင်း သတင်းအရင်းအမြစ်များကဆိုသည်။

မေလ ၅ ရက်မှ ၇ ရက်အထိကြာမြင့်မည့် ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကြေညာချက်အချို့ ထွက်ပေါ်လာနိုင်သော်လည်း လက်နက်တိုက်ရိုက်ရောင်းချရေး စာချုပ်လက်မှတ်ထိုးရန်မှာမူ မသေချာသေးကြောင်းသိရသည်။

Ref: ST

အိန္ဒိယလေဆိပ်၌ လေယာဉ်ပေါ်တွင် မီးခိုးများထွက်မှုကြောင့် ခရီးသည်များကို ဘေးကင်းရာပြောင်းရွှေ့

နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံမြောက်ပိုင်း ချန်ဒီဂါလေဆိပ်၌ မေလ ၅ ရက်တွင် လေယာဉ်တစ်စင်းပေါ်၌ မီးခိုးများထွက်ပေါ်သဖြင့် ခရီးသည်များကို ဘေးကင်းရာသို့ အရေးပေါ်ပြောင်းရွှေ့ကယ်ထုတ်ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် ဟိုက်ဒရာဘတ်မြို့မှ ပျံသန်းလာသော IndiGo လေကြောင်းလိုင်းပိုင်လေယာဉ်ပေါ်တွင် ခရီးသည်တစ်ဦး သယ်ဆောင်လာသော Power Bank တစ်လုံးမီးလောင်မှုကြောင့်ဖြစ်ပွားခြင်းဖြစ်ပြီး လေယာဉ်အတွင်း မီးခိုးများလျင်မြန်စွာ ပြည့်နှက်သွားသည်။

လေယာဉ်ဆင်းသက်ပြီးနောက် တာဝန်ရှိသူများက အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများလုပ်ဆောင်စဉ် လေယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည် ၁၉၈ ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦးစလုံးကို အရေးပေါ်လျှောများအသုံးပြုကာ ဘေးကင်းစွာ ကယ်ထုတ်နိုင်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောထားသည်။

Ref: Xinhua

ထိုင်းက ကမ္ဘောဒီးယားနှင့် စွမ်းအင်ပူးပေါင်းရှာဖွေရေး သဘောတူညီချက်ကို ဖျက်သိမ်း

ဘန်ကောက်၊ ဆက်ဆံရေး

ထိုင်းနိုင်ငံက ကမ္ဘောဒီးယားနိုင်ငံနှင့် ချုပ်ဆိုထားသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပူးပေါင်းရှာဖွေရေး သဘောတူညီချက်ကို ဖျက်သိမ်းလိုက်ကြောင်း ထိုင်းဝန်ကြီးချုပ် အနုတင်ချန်ဝီရာကူက မေလ ၅ ရက်တွင် ပြောသည်။

ထိုင်းပင်လယ်ကွေ့ဒေသတွင် နှစ်နိုင်ငံပိုင်နက်အငြင်းပွားနေသည့် နေရာများ၌ စွမ်းအင်ပူးပေါင်းရှာဖွေရေးအတွက် ၂၀၀၁ ခုနှစ်တွင် ချုပ်ဆိုခဲ့သော ထိုသဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းရန် ကမ္ဘောဒီးယားဘက်က တောင်းဆိုသော်လည်း ထိုင်းအစိုးရအဖွဲ့က ဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယခုဆုံးဖြတ်ချက်သည် နယ်စပ်ပဋိပက္ခနှင့်မသက်ဆိုင်ဘဲ အစိုးရ၏မူဝါဒတစ်ခုသာဖြစ်ကြောင်း၊ သဘောတူညီချက်က ၂၅ နှစ်ကြာသည်အထိ မည်သည့်တိုးတက်မှုမျှမရှိခြင်းကြောင့် ယခုကဲ့သို့လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ကပြောသည်။ ထိုသဘောတူညီချက်ကို ဖျက်သိမ်းရေးသည် ဝန်ကြီးချုပ်၏ မဲဆွယ်ကတိကဝတ်တစ်ခုလည်းဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွင်း နှစ်နိုင်ငံအကြား လက်နက်ကိုင်ပဋိပက္ခနှစ်ကြိမ်ဖြစ်ပွားပြီးနောက် အမျိုးသားရေးဝါဒမြင့်တက်လာမှုနှင့်အတူ အနုတင်သည် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခံရခြင်းဖြစ်သည်။

Ref: ST

အင်ဒိုနီးရှား၌ အမြင့် ၄ မီတာအထိရှိသော လှိုင်းကြီးမှုဖြစ်ပေါ်နိုင်

ဂျကာတာ၊ ရာသီဥတု

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ ရေပြင်အချို့တွင် မေလ ၅ ရက်မှ ၈ ရက်အတွင်း အမြင့် ၄ မီတာအထိရှိနိုင်သော လှိုင်းကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက မေလ ၅ ရက်တွင် သတိပေးချက်ထုတ်ပြန်ပြီး ရေလုပ်သားများနှင့် ကမ်းခြေဒေသခံများအနေဖြင့်သတိပြုရန် တိုက်တွန်းထားသည်။

လမ်ပွန်းပြည်နယ်အလွန် အိန္ဒိယသမုဒ္ဒရာအနောက်ဘက်ပိုင်းနှင့် ဘန်တန်းဂျာဗားအနောက်ပိုင်း၊ ဂျာဗားအလယ်ပိုင်းနှင့် ယိုဂျာကာတာပြည်နယ်တို့၏ တောင်ဘက်ရေပြင်များတွင် အမြင့် ၂ ဒသမ ၅ မီတာမှ ၄ မီတာအထိရှိသော လှိုင်းများဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ အဆိုပါဒေသများတွင် ဖြစ်ပေါ်လာနိုင်သော လှိုင်းကြီးမှုများသည် ရေကြောင်းပို့ဆောင်ရေးလုံခြုံမှုအတွက် အန္တရာယ်ရှိနိုင်ကြောင်း ထုတ်ပြန်ချက်တွင်သတိပေးထားသည်။

Ref: Xinhua

တရုတ်နိုင်ငံက ရေတပ်လေကြောင်းရန် ကာကွယ်ရေးစနစ်အသစ်ကို ထုတ်ဖော်ပြသ



ပေကျင်း၊ စစ်လက်နက်

ရှရှား-ယူကရိန်းစစ်ပွဲနှင့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများတွင် ဒရုန်းများသည် ခေတ်သစ်စစ်သဘော်ဘာများအတွက် ကြီးမားသောခြိမ်းခြောက်မှုအဖြစ် ပေါ်ထွက်လာပြီးနောက် တရုတ်ရေတပ်က ဒရုန်းရန်ကို ကာကွယ်နိုင်မည့် လေကြောင်းရန်ကာကွယ်ရေးစနစ်အသစ်တစ်ခုကို ထုတ်ဖော်ပြသလိုက်ကြောင်း နိုင်ငံပိုင် CCTV သတင်းဌာနက ဖော်ပြထားသည်။

ထိုလက်နက်စနစ်သည် စစ်ဆင်ရေးလိုအပ်ချက်များအားလုံးနှင့် ကိုက်ညီကြောင်းအတည်ပြုသည့်နောက်ဆုံးအဆင့် စမ်းသပ်မှုကို ဘိုဟိုင်ပင်လယ်အတွင်း အောင်မြင်စွာဆောင်ရွက်နိုင်သဖြင့် ယင်းစနစ်ကို အမြောက်အမြားထုတ်လုပ်ရန် အတည်ပြုချက်ရရှိသွားပြီဖြစ်သည်။

စမ်းသပ်မှုအတွင်း ထိုစနစ်က အလွန်နိမ့်သော အမြင့်ပေမှျံသန်းလာသည့် ဒရုန်းများနှင့် ရေဒါတွင်ထောက်လှမ်းရန်ခဲယဉ်းသော ကိုယ်ပျောက်ဒရုန်းများ၏ တိုက်ခိုက်မှုများကို ကြားဖြတ်ဟန့်တားနိုင်ကြောင်း တွေ့ရသည်။ ထိုစမ်းသပ်မှုများကို ရှုပ်ထွေးသော လျှပ်စစ်သံလိုက်ပတ်ဝန်းကျင်နှင့် လက်တွေ့စစ်မြေပြင်ပုံစံတူအခြေအနေများတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကုန်းမြေမှလွှတ်တင်လိုက်သော ဒရုန်းများက ရေပြင်အထက်ကပ်၍ပျံသန်းလာစဉ် ဖျက်ဆီးခံလိုက်ရသည့် ရုပ်သံဖိုင်များမှာ သတင်းထုတ်ပြန်ချက်တွင် ပါဝင်သော်လည်း အသုံးပြုခဲ့သည့် လက်နက်အမည်နှင့် စမ်းသပ်သည့်ရက်စွဲကိုမူ ဖော်ပြထားခြင်း မရှိကြောင်းသိရသည်။

Ref: SCMP

မြောက်ကိုရီးယားက ကိုယ်ပိုင်နည်းပညာအသုံးပြု စမတ်ဖုန်းအသစ်များကိုထုတ်ဖော်ပြသ

ပြိုယမ်း၊ နည်းပညာ

မြောက်ကိုရီးယားနိုင်ငံ၌ကျင်းပပြုလုပ်နေသည့် ကုန်စည်ပြပွဲတွင် ၎င်းတို့ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် နောက်ဆုံးပေါ် Jindallae စမတ်ဖုန်းများကိုထုတ်ဖော်ပြသလျက်ရှိကြောင်းသိရသည်။

ရှရှားနှင့်တရုတ်တို့အပါအဝင် နိုင်ငံပေါင်းခြောက်နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၉၀ ကျော်ပါဝင်သည့် နိုင်ငံတကာကုန်စည်ပြပွဲကို မေလ ၄ ရက်တွင် စတင်ပြီး နိုင်ငံခြားသားဧည့်သည်များနှင့် ကုမ္ပဏီများစွာက တက်ရောက်သည်။

ကိုရီးယားဘာသာဖြင့် နှင်းဆီပန်းဟု အဓိပ္ပာယ်ရသည့် Jindallae စမတ်ဖုန်းများကို အရောင်အသွေးစုံစွာ ထုတ်လုပ်ထားပြီး မှန်ဘီလူးအများအပြားပါဝင်သည့် စက်ပိုင်းပုံကင်မရာစနစ်ကို အသုံးပြုထားသည်။ ထိုဖုန်းများကို ပြည်တွင်းကွန်ရက်မှတစ်ဆင့် ဆက်သွယ်နိုင်ရန် စီစဉ်ထားသော်လည်း မြောက်ကိုရီးယား၏ ကုန်ထုတ်လုပ်မှုအခြေအနေအရ အရည်အသွေးမြင့်နည်းပညာပစ္စည်းများထုတ်လုပ်နိုင်စွမ်းကိုမူ ကျွမ်းကျင်သူများက သံသယရှိနေသည်။

၂၀၁၇ ခုနှစ်တွင် ပထမဆုံး စတင်မိတ်ဆက်ခဲ့သည့် အဆိုပါဖုန်းအမှတ်တံဆိပ်၏ ယခုပြသထားသော နောက်ဆုံးပေါ်မော်ဒယ်မှာ ၂၀၂၅ ခုနှစ်ကထွက်ရှိသည့် အမျိုးအစားနှင့်ဆင်တူနေကြောင်း တောင်ကိုရီးယား၏ Yonhap သတင်းဌာနကဖော်ပြထားသည်။

Ref: ST



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးအား သက်ဆိုင်ရာနိုင်ငံများသို့ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ၈ ဦးထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကူကြိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား နှစ်ဦးနှင့် နီပေါနိုင်ငံသား တစ်ဦးတို့အား ယနေ့တွင်မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ရုစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးစစ်ဆေးဆောင်ရွက်စဉ်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများစနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Evgeny Pimenov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘူရွန်ဒီနိုင်ငံသား လေးဦး၊ ကင်ညာနိုင်ငံသား သုံးဦးနှင့် ယူဂန်ဒါနိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ရှစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၃၄ ဦးထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကိုဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသောနိုင်ထဲခြားသားများနှင့်လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ (၁၀၀)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မလေးရှားသို့သယ်ဆောင်မည့် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော်ဖမ်းဆီးရမိ



တရားခံ မျိုးညီညီဟိန်းနှင့် မနှင်းသဇင်ဦးတို့အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) ၂၆ ဒသမ ၆ ကီလိုနှင့်အတူ တွေ့ရစဉ်။



တရားခံ တင်အောင်သန်း၊ ခင်မောင်သန်း၊ ခင်သန္တာဝင်း(မ)နှင့် ချမ်းမြေ့ပိုင်တို့အား သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆ ဒသမ ၀၅ ကီလိုနှင့်အတူ တွေ့ရစဉ်။



တရားခံ အောင်ကျော်ဝင်း(ခ)အောင်အောင်နှင့် မသန္တာလွင်တို့အား သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ကီလိုနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၅

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မလေးရှားသို့သယ်ဆောင်မည့် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၆ ရက် နံနက်စာရီခွဲကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်မှ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ လေဆိပ်သို့ ထွက်ခွာမည့်လေယာဉ်ဖြင့် လိုက်ပါမည့်ခရီးသည် တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်နေ မျိုးညီညီဟိန်း(၃၂)နှစ်နှင့် မနှင်းသဇင်ဦး(၂၉)နှစ်တို့ထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၂၆ ဒသမ ၆ ကီလိုဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီတွင် အလားတူလေယာဉ်ဖြင့် လိုက်ပါမည့်ခရီးသည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်နေ တင်အောင်သန်း(၃၂)နှစ်၊ မခင်သန္တာဝင်း(၃၃)နှစ်၊ ရေတွင်းကုန်းရပ်ကွက်နေ ခင်မောင်သန်း(၄၁)နှစ်နှင့် ချမ်းမြေ့ပိုင်(၂၄)နှစ်တို့ ၄ ဦးထံမှ အိုက်စ်(မက်သ်အဖက်တမင်း)၅၆ ဒသမ ၀၅ ကီလိုကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအားလက်ခံ၍ ပို့ဆောင်ပေးသည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ကုမ္ပဏီရုံးခန်းကိုဝင်ရောက်ရှာဖွေရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်နေ မထက်ဇကရီ(၂၃)နှစ်နှင့် ဖို့မြေရပ်ကွက်နေ မကြွယ်စင်လင်းလဲ့(၁၉)နှစ်တို့ ၂ ဦးထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၉ ဒသမ ၅ ကီလို ဆက်လက်ဖမ်းဆီးရမိပြီး ၎င်းတို့၏ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို မလေးရှားသို့ပို့ဆောင်ပေးရန်အပ်နှံသူ အောင်မြေသာစံမြို့နယ်၊ နှင်းဆီတန်ဖိုးနည်းအိမ်ရာနေ အောင်ကျော်ဝင်း(ခ)အောင်အောင် (၄၁)နှစ်နှင့် ၎င်း၏ဇနီး မသန္တာလွင်(၄၆)နှစ်တို့ကိုလားရှိုးမြို့ရပ်ကွက်(၂)ရှိဟိုတယ်တွင်အိုက်စ်(မက်သ်အဖက်တမင်း) ၁ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စုစုပေါင်း ဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၃၁၆၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ဒသမ ၁၅ ကီလိုသိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား မလေးရှားနိုင်ငံသို့ပို့ဆောင်ပေးရန် စေခိုင်းသူမှာ သီပေါမြို့နယ်၊ လင်တိကျေးရွာနေ လောက်ချီ(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

မြဝတီ

ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျသုခဝါဆိုကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တစန္ဒိမာ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် မေ ၅

ကချင်ပြည်နယ် မိုးညှင်းမြို့ နားခါမြောက်ရပ်ကွက် ဇေယျသုခဝါဆိုကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တစန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ)၊ သက်တော် ၉၀ နှစ်၊ သိက္ခာတော် ၇၀ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် (၃-၅-၂၀၂၆ ရက်) တနင်္ဂနွေနေ့ ည ၉ နာရီ ၁၁ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ်ိရှာပနအခမ်းအနားကို ၉-၅-၂၀၂၆ ရက် စနေနေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ကချင်ပြည်နယ် မိုးညှင်းမြို့ နားခါမြောက်ရပ်ကွက် ဇေယျသုခဝါဆိုကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တစန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ကချင်ပြည်နယ် မိုးညှင်းမြို့ နန့်စီးအောင်ကျေးရွာ ခမည်းတော် ဦးဘိုးညွှန့် + မယ်တော် ဒေါ်ပွမ့်တို့က ၁၂၉၈ ခုနှစ် တပေါင်းလဆန်း ၁ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၃ ခုနှစ်တပေါင်းလဆန်း ၅ ရက်နေ့တွင် အင်းတော်မြို့နယ် ကူးဆိပ်ကျေးရွာ ကူးဆိပ်ခိုးကောင်ကျောင်းဆရာတော် ဘဒ္ဒန္တတိလောကကို ဥပဇ္ဈာယ်ပြု၍ ဦးထွန်းမြိုင်၊ ဒေါ်ခင်စန်းရီတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၈ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်နေ့တွင် အင်းတော်မြို့နယ် ငွေ့ကြီးနန့်ရုံကျေးရွာ ငွေ့ကြီးနန့်ရုံကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် အင်းတော်မြို့နယ် ကူးဆိပ်ခိုးကောင်ကျောင်းဆရာတော် ဘဒ္ဒန္တတိလောက၊ ဝန်းသိုမြို့ ခန္တီးကျောင်း ဆရာတော် ဘဒ္ဒန္တသုဇန စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၂၉ ခုနှစ်တွင် **"သာသနဓဇ ဓမ္မာစရိယ"** ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၈ ခုနှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဓရကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လန္ဒီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀ နှစ်၊ သိက္ခာတော် ၇၀ ဝါအရ ၁၃၈၈ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် (၃-၅-၂၀၂၆ ရက်) တနင်္ဂနွေနေ့ ည ၉ နာရီ ၁၁ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ်ိရှာပနအခမ်းအနားကို ၉-၅-၂၀၂၆ ရက် စနေနေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။



သွေးလှူရှင်အသစ်စုဆောင်းခြင်းနှင့် ရေရှည်သွေးလှူရှင်များဖြစ်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ သင်တန်းကျင်းပ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာနမှဖွင့်လှစ်သော Voluntary Blood Donar Recruitment and Retention Training ကို ပထမအကြိမ်အဖြစ် ဧပြီလ ၂၇ ရက်မှ ၂၉ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် မေလ ၄ ရက်မှ ၆ ရက်အထိလည်းကောင်း ရန်ကုန်မြို့ရှိ Hotel Royal Vista တွင် ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့်ဒုတိယ ဥက္ကဋ္ဌဒေါက်တာဒေါ်တင်တင်လေးတို့တက် ရောက်အမှာစကားပြောကြားကြသည်။

ရန်ကုန်တိုင်းဒေသကြီးမှ စီမံချက်မြို့နယ် ၁၀ မြို့နယ်ရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များကို သွေးလှူရှင်အသစ်စုဆောင်းခြင်းနှင့်ရေရှည်သွေးလှူရှင်များဖြစ်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးခြင်းဖြင့် လူထု၏ကျန်းမာရေးအဆင့်အတန်းကို တိုးတက်ကောင်းမွန်လာစေရန်ရည်ရွယ်၍ သင်တန်းကိုကျင်းပခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ပထမအကြိမ်အဖြစ် ဧပြီလ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပရာ စီမံချက်မြို့နယ်ငါးမြို့နယ်ဖြစ်သော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လှည်းကူးမြို့နယ်၊ ဒေါပုံမြို့နယ်၊ သဃ်နန်းကျွန်းမြို့နယ်တို့မှ ကြက်ခြေနီစေတနာလုပ်အားရှင် ၂၅ ဦးတက်ရောက်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် မေလ ၄ ရက်မှ ၆ ရက်အထိ ကျင်းပသည့် သင်တန်းသို့ စီမံချက်မြို့နယ်ငါးမြို့နယ်ဖြစ်သော အင်းစိန်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ ကြက်ခြေနီစေတနာလုပ်အားရှင် ၂၅ ဦးတက်ရောက်ကြောင်းသိရသည်။

မြဝတီ

မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများ၌ မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများကျရောက်ဖြစ်ပွားနိုင်ပြီး လူမှုစီးပွားဘဝထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် မွေးမြူရေးခြံများတွင် အောက်ဖော်ပြပါဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

၁။ မိမိခြံရှိတိရစ္ဆာန်များအား အခြားတိရစ္ဆာန်များနှင့် မရောနှောစေရန်နှင့် ခြံအတွင်းသို့ တောရိုင်းတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်အတွက် မွေးမြူရေးခြံကို လုံခြုံစိတ်ချစွာ ကာရံ၍ စနစ်တကျထိန်းသိမ်းမွေးမြူပါ။

၂။ ပြင်ပမှလူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ အသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ခြံအတွင်းဝင်ရောက်မှုအား ကန့်သတ်ပြီး "တာဝန်ရှိသူမှအပမဝင်ရ" တားမြစ်ဆိုင်းဘုတ် ထားရှိပါ။

၃။ ခြံအတွင်းသို့ ဝင်ရောက်ရာတွင် ခြံဝင်ပေါက်၌ ခြေလက်များကိုပိုးသတ်၍ သန့်စင်ပြီး သတ်မှတ်ထားသည့် ခြံအသုံးပြုဖိနပ်အားပြောင်းလဲစီးနင်းကာ ပိုးသတ်ဆေးကန်ကို ဖြတ်သန်းပြီးမှဝင်ရောက်ပါ။

၄။ ခြံအသုံးအဆောင်ပစ္စည်း (အစာခွက်၊ ရေခွက်)များအား ပုံမှန် ပိုးသတ်သန့်စင်ဆေးကြောပါ။

၅။ ခြံအတွင်း လုပ်ကိုင်ဆောင်ရွက်နေသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။

၆။ ခြံထွက်စွန့်ပစ်ပစ္စည်းများ (အမှိုက်၊ မစင်၊ သွေး၊ အကျီအချွဲ) ကင်းရှင်းအောင် သန့်ရှင်းဆေးကြောပြီးလျှင် ကြွက်နှင့် အခြားအင်းဆက်ပိုးမွှားများရန်မှကာကွယ်ရန် ခြံအားပိုးသတ်ဆေးဖျန်း၍ ပိုးသတ်ပါ။

၇။ တိရစ္ဆာန်များအား အသုတ်လိုက်မွေးပြီး အသုတ်လိုက် ထုတ်ပါ။

၈။ မွေးမြူသူများအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကိုနားလည်သိရှိပြီး စနစ်တကျလိုက်နာဆောင်ရွက်ပါ။

၉။ မွေးမြူထားသည့်တိရစ္ဆာန်များကို တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်၍ ကာကွယ်ဆေးစနစ်တကျထိုးနှံပါ။ ထို့ပြင် ရောဂါဖြစ်ပွားမှုများကို ပုံမှန်စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဆက်သွယ်ရန်ဖုန်း - ၀၆၇၃၄၀၈၄၆၃

၅-၅-၂၀၂၆ ရက်နေ့ ဈေးတင်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)**ကျပ်ဖြစ်သည်။

ဈေးတင်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅°c	/	၃၇°c
ရန်ကုန်	၂၄°c	/	၃၉°c
မန္တလေး	၂၇°c	/	၃၉°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

KF-21 Boramae နှင့် ကမ္ဘာ့လေကြောင်းအင်အားကြီးနိုင်ငံများကြားမှ စိန်ခေါ်မှုများ

တောင်ကိုရီးယားနိုင်ငံရဲ့ ကိုယ်ပိုင်နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ KF-21 Boramae တိုက်လေယာဉ်က အခုဆိုရင် ရှေ့ပြေးပုံစံအဆင့်ကနေ အမှန်တကယ် အချောသတ်ထုတ်လုပ်တဲ့အဆင့်ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒါဟာ တောင်ကိုရီးယားအတွက်တော့ ကမ္ဘာ့လေကြောင်းအဆင့်မြင့်နည်းပညာပိုင်ဆိုင်တဲ့ ရှစ်နိုင်ငံမြောက် အထူးအဖွဲ့ဝင်ဖြစ်လာစေတဲ့ သမိုင်းဝင်မှတ်တိုင်တစ်ခုပါပဲ။ ဒီစီမံကိန်းဟာ ၂၀၀၁ ခုနှစ်ကတည်းကစတင်ခဲ့တာဖြစ်ပြီး ၂၀၂၅ ခုနှစ်မှာတော့ လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့အဆင့်ကို ရောက်ရှိခဲ့တာမို့ ဆယ်စုနှစ်နှစ်ခုကျော်ကြာ ကြိုးပမ်းအားထုတ်မှုရဲ့ရလဒ်ကိုပေါ်လွင်စေပါတယ်။

ဒါပေမဲ့လည်း KF-21 Boramae တိုက်လေယာဉ်က အမေရိကန်၊ တရုတ်နဲ့ ဥရောပက ထိပ်တန်းလေယာဉ်တွေကို တကယ်ပဲယှဉ်နိုင်ပါ့မလားဆိုတာကတော့ စိတ်ဝင်စားစရာကောင်းလှပါတယ်။ ပညာရှင်တွေရဲ့ အမြင်အရဆိုရင်တော့ KF-21 ဟာ ဈေးကွက်ထဲကို နောက်ကျမှရောက်လာတာဖြစ်သလို ပြိုင်ဘက်တွေကလည်း အလွန်များနေတာကြောင့် ကမ္ဘာ့ဈေးကွက်မှာ ယခင်ပြိုင်ဘက်တွေနဲ့ တန်းတူယှဉ်ပြိုင်နိုင်ဖို့ဆိုတာ လျှောက်ရမယ့်ခရီး အဝေးကြီးကျန်သေးတယ်လို့ သုံးသပ်ကြပါတယ်။

တောင်ကိုရီးယားရဲ့ အဓိကအားသာချက်ကတော့ တခြားနိုင်ငံတွေထက်စာရင် ဈေးနှုန်းသက်သာတာ၊ အရည်အသွေးစိတ်ချရတာ၊ လိုချင်တဲ့အချိန်မှာ အမြန်ဆုံးအပ်နှံနိုင်တာနဲ့ နည်းပညာပိုင်းဆိုင်ရာမှာ ပူးပေါင်းဆောင်ရွက်ဖို့ ပိုပြီးလမ်းဖွင့်ပေးထားတာတွေပါဖြစ်ပါတယ်။ ဒါပေမဲ့ တိုက်လေယာဉ်တစ်စင်းကို ဝယ်ယူတဲ့နေရာမှာ နည်းပညာတစ်ခုတည်းတင်မကဘဲ နိုင်ငံရေးအရ ဘယ်ဘက်ကရပ်တည်သလဲဆိုတာနဲ့ စစ်ဖြစ်ရင် အပိုပစ္စည်းတွေ အဆက်မပြတ် ရနိုင်ပါ့မလားဆိုတဲ့ ယုံကြည်စိတ်ချရမှုကလည်း အလွန်အရေးကြီးပါတယ်။ ဒါကြောင့်လည်း KF-21 အနေနဲ့ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ဖို့ဆိုရင် လိုအပ်တဲ့ဈေးကွက်ရှာဖွေရေး ဗျူဟာတွေအပြင် ရေရှည်ပြုပြင်ထိန်းသိမ်းမှုအာမခံချက်တွေကိုပါ ခိုင်ခိုင်မာမာပေးနိုင်ဖို့လိုအပ်နေတာပါ။

အခုလက်ရှိထုတ်လုပ်နေတဲ့ Block I အမျိုးအစားဟာ လေကြောင်းအသာစီးရယူဖို့အတွက်ပဲ အဓိကရည်ရွယ်ထားတာဖြစ်ပြီး ဥရောပထုတ် Meteor လိုမျိုးမြင်ကွင်းလွန်ပစ်ခတ်နိုင်တဲ့ ဒုံးကျည်တွေနဲ့ IRIS-T လို တာတိုပစ်ဒုံးကျည်တွေကို တပ်ဆင်ထားပါတယ်။ အထူးသဖြင့် ဒီလေယာဉ်မှာ အသုံးပြုပေးထားတဲ့ AESA (Active Electronically Scanned Array) ရေဒါစနစ်ဟာ ပစ်မှတ်အများအပြားကို တစ်ပြိုင်နက်ထောက်လှမ်းနိုင်တဲ့အတွက် ခေတ်သစ်စစ်ဆင်ရေးတွေမှာ အလွန်ထိရောက်မှာဖြစ်ပြီး မြေပြင်တိုက်ခိုက်ရေးနဲ့ ရေပြင်တိုက်ခိုက်ရေးစွမ်းရည်တွေ အပြည့်အဝပါဝင်လာမယ့် Block II အဆင့်ပြီးမြောက်မှသာ အဲဒီလေယာဉ်ရဲ့စွမ်းဆောင်ရည်ကို အပြည့်အဝတိုင်းတာနိုင်မှာပါ။ အဲဒီအဆင့်ကိုတော့ လာမယ့်နှစ်အစောပိုင်းမှာ အပြီးသတ်ဖို့မျှော်မှန်းထားပါတယ်။



ဒီနေရာမှာ KF-21 ရဲ့ နည်းပညာပိုင်းကို ကြည့်မယ်ဆိုရင် သူ့ရဲ့ဒီဇိုင်းဟာ ကိုယ်ပျောက်တိုက်လေယာဉ်တွေရဲ့ အင်္ဂေအသက်ပါဝင်ပေမယ့် အခုလောလောဆယ်မှာတော့ လက်နက်တွေကို အပြင်ဘက်မှာပဲ ချိတ်ဆွဲထားရဆဲဖြစ်ပါတယ်။ ဒါဟာ စတုတ္ထမျိုးဆက်နဲ့ပဉ္စမမျိုးဆက် တိုက်လေယာဉ်ကြားက ပေါင်းကူးတံတားအဖြစ်ရှိနေတာကို ပြသနေတာပါ။ ဒါပေမဲ့ တောင်ကိုရီးယားဟာ သူတို့ရဲ့ လေကြောင်းစွမ်းပကားကိုမြှင့်တင်နိုင်ဖို့ ဒီလေယာဉ်မှာ လူပါတဲ့တိုက်လေယာဉ်နဲ့ လူမပါတဲ့ အလိုအလျောက်မောင်းခရန်းတွေ ပူးပေါင်းစစ်ဆင်တဲ့ MUM-T စနစ်ကိုလည်း ထည့်သွင်းနိုင်ဖို့ ကြိုးစားနေပါတယ်။ ဒီစနစ်ဟာ လေယာဉ်မှူးများအတွက် အန္တရာယ်ကိုလျှော့ချပေးနိုင်သလို ရန်သူ့နယ်မြေထဲခရန်းတွေလွှတ်ပြီး အချက်အလက်ယူတာ ဒါမှမဟုတ် တိုက်ခိုက်တာတွေကိုလုပ်နိုင်မှာပါ။ အဲဒီနည်းပညာဟာ အနာဂတ်စစ်မြေပြင်မှာ အဆုံးအဖြတ်ပေးမယ့်ကဏ္ဍကနေပါဝင်လာမှာဖြစ်ပြီး တောင်ကိုရီးယားအနေနဲ့ ဒီနယ်ပယ်မှာ ရှေ့ကနေဦးဆောင်နိုင်ဖို့ ခြေလှမ်းပြင်နေတာကိုမြင်တွေ့ရပါတယ်။

ဒုံအပြင် တောင်ကိုရီးယားရဲ့ မဟာဗျူဟာမြောက်ရည်မှန်းချက်ဟာ မြောက်ကိုရီးယားရဲ့ ဒုံးကျည်ခြိမ်းခြောက်မှု၊ တရုတ်ရဲ့အင်အားကြီးမားတဲ့ လေတပ်ကို ရင်ဆိုင်ဖို့အတွက် အဓိကကျတဲ့ ဗျူဟာတစ်ခုဖြစ်လာမှာဖြစ်သလို ဒီလိုပေါင်းစပ်စနစ်တွေသာ အောင်မြင်သွားရင် လေကြောင်းအင်အားကြီးနိုင်ငံတွေရဲ့ ခြိမ်းခြောက်မှုကိုခံနေရတဲ့ နိုင်ငံတွေအတွက်တော့ KF-21 ဟာ အလွန်ဆွဲဆောင်မှုရှိတဲ့ လက်နက်တစ်ခုဖြစ်လာပါလိမ့်မယ်။ မြောက်ကိုရီးယားရဲ့ ဒရုန်းနည်းပညာနဲ့ ဒုံးကျည်စနစ်တွေဟာ အရည်အသွေးရော အရေအတွက်ပါ တိုးတက်လာနေတဲ့အတွက် တောင်ကိုရီးယားအနေနဲ့ မိမိကိုယ်မိမိ ကာကွယ်နိုင်စွမ်းရှိတဲ့ ကိုယ်ပိုင်အဆင့်မြင့်တိုက်လေယာဉ်ပိုင်ဆိုင်ထားဖို့က မဖြစ်မနေ လိုအပ်ချက်တစ်ခုပါ။ KF-21 ဟာ Kill Chain လို့ခေါ်တဲ့ ရန်သူ့ပစ်မှတ်တွေကို ကြိုတင်သိရှိဖျက်ဆီးနိုင်တဲ့ ဗျူဟာမှာလည်း အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်လာမှာဖြစ်ပါတယ်။

စိန်ခေါ်မှုအနေနဲ့က အင်ဒိုနီးရှားနိုင်ငံနဲ့ ငွေကြေးထည့်ဝင်မှုပိုင်းမှာ အဆင်မပြေမှုတွေရှိနေတာကြောင့် စီမံကိန်းရဲ့ ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးက တောင်ကိုရီးယားအပေါ်ပိုပြီးပိလာသလို လေယာဉ်တစ်စင်းချင်းစီရဲ့ဈေးနှုန်းလည်း တက်လာနိုင်ပါတယ်။ မူလက အင်ဒိုနီးရှားဟာ ဝမ် ၁ ဒသမ ၅ ထရီလီယံလောက် ထည့်ဝင်ဖို့ရှိပေမယ့် နောက်ပိုင်းမှာ ဝမ် ၆၀၀ ဘီလီယံအထိ လျှော့ချခဲ့တာကြောင့် ကိုရီးယားဘက်က အိတ်စိုက်ရတာတွေပိုများလာတာပါ။ ဒါဟာ စီးပွားရေးအရ ကြည့်မယ်ဆိုရင်တော့ ထိုးနှက်ချက်တစ်ခုဖြစ်ပေမယ့် တောင်ကိုရီးယားနိုင်ငံအနေနဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ နည်းပညာလွတ်လပ်ခွင့်အတွက် ဒီစီမံကိန်းကို မဖြစ်ဖြစ်အောင် ဆက်လက်တွန်းအားပေးနေတာ တွေ့ရပါတယ်။

နောက်ပြီး ဒီလေယာဉ်ဟာ စစ်မြေပြင်လက်တွေ့အသုံးချမှတ်တမ်းမရှိသေးတာကလည်း နိုင်ငံတကာဈေးကွက်အတွက် အကန့်အသတ်တစ်ခုဖြစ်နေနိုင်ပါသေးတယ်။ ပြင်သစ်ရဲ့ Rafale ဒါမှမဟုတ် အမေရိကန်ရဲ့ F-15/F-16 လို တိုက်လေယာဉ်တွေဟာ စစ်ပွဲပေါင်းများစွာမှာ သူတို့ရဲ့စွမ်းဆောင်ရည်ကိုသက်သေပြပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့လည်း ၂၀၃၀ ပြည့်နှစ်တွေမှာ ကိုယ်ပျောက်နည်းပညာအပြည့်အဝပါဝင်မယ့် Block III အဆင့်ကိုသာ အောင်အောင်မြင်မြင်တက်လှမ်းနိုင်မယ်ဆိုရင်တော့ KF-21 ဟာ အမေရိကန်ရဲ့ F-35 နဲ့ တရုတ်ရဲ့ J-20 တို့လို ပဉ္စမမျိုးဆက်တိုက်လေယာဉ်တွေကို တိုက်ရိုက်ယှဉ်ပြိုင်နိုင်တဲ့အပြင် ကိုယ်ပိုင်နည်းပညာနဲ့အဆင့်မြှင့်တင်နိုင်စွမ်းရှိတာကြောင့် တောင်ကိုရီးယားအတွက် ကောင်းကင်ယံမှာ ပိုမိုလွတ်လပ်ပြီး အင်အားကြီးမားတဲ့အနေအထားတစ်ခုကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

အထူးသဖြင့် ပြည်ပမှစစ်ရေးအကူအညီအပေါ် မှီခိုနေရမှုကိုလျှော့ချနိုင်ပြီး ကိုယ့်စိတ်ကြိုက် စစ်ဆင်ရေးတွေကို ပိုမိုပြောင်းလွယ်ပြင်လွယ် လုပ်ဆောင်နိုင်လာမှာဖြစ်သလို ဒေသတွင်းစစ်အင်အားဟန်ချက်ညီအောင်ထိန်းညှိနိုင်ဖို့အတွက် ဒီ KF-21 ဟာ တောင်ကိုရီးယားရဲ့ကာကွယ်ရေးကဏ္ဍမှာ အိမ်မက်တွေ တကယ်ဖြစ်လာစေမယ့် အဖိုးတန်ရတနာတစ်ပါးပဲဖြစ်ပါတယ်။ ရှေ့ဆက်ရမယ့်ခရီးကတော့ မလွယ်ကူလှဘူးဆိုပေမယ့်လည်း နည်းပညာပိုင်းဆိုင်ရာခိုင်မာမှု၊ နိုင်ငံရေးအရ မဟာမိတ်တည်ဆောက်မှုနဲ့ ဈေးကွက်ရှာဖွေရေးမှာ အားကောင်းမှုတွေပေါင်းစပ်လိုက်မယ်ဆိုရင်တော့ KF-21 ဟာ ကမ္ဘာ့လေကြောင်းလောကမှာ တောင်ကိုရီးယားရဲ့အလံကို လွှင့်ထူနိုင်မှာအမှန်ပဲဖြစ်ပါတယ်။

Ref: SCMP

ထက်မြတ်

ရုရှားက ယူကရိန်း၏ဒရုန်း ၂၈၉ စင်းကို ပစ်ချဖျက်ဆီး

မော်စကို၊ စစ်ရေး

ရုရှားနိုင်ငံ၏ပိုင်နက်သို့ တစ်ညအတွင်း ကျူးကျော်ဝင်ရောက်လာသော ယူကရိန်း ဒရုန်းစုစုပေါင်း ၂၈၉ စင်းကို လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြင့် ပစ်ချဖျက်ဆီးနိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မေလ ၅ ရက် နံနက်ပိုင်းတွင် သတင်းထုတ်ပြန်ထားသည်။ အဆိုပါဒရုန်းများကို နိုင်ငံအနောက်ပိုင်းနှင့် တောင်ပိုင်းရှိဒေသ ၁၉ ခုအပြင် အဓေ့ပင်လယ်ပြင်အထက်တွင် ကြားဖြတ်ဟန့်တားခဲ့ခြင်းဖြစ်သည်။

ထိခိုက်မှုများတွင် ယူကရိန်းနှင့်နယ်စပ်ချင်းထိစပ်နေသော ဘရိုင်ယန့်၌ ဒရုန်း ၉၈ စင်းကို ပစ်ချနိုင်သော်လည်း အသေခံဒရုန်း တိုက်ခိုက်မှုကြောင့် အရပ်သားငါးဦးဒဏ်ရာရသည်။ လီနင်ဂရက်ဒေသတွင် ဒရုန်း ၂၉ စင်းကိုပစ်ချနိုင်ပြီး စက်မှုဇုန်တစ်ခုသို့ မီးလောင်မှုဖြစ်ပွားသော်လည်း ထိန်းချုပ်နိုင်သည်။ ဗိုရိုနက်ရှ်ဒေသ၌ ဒရုန်း ၁၇ စင်းကို ဖျက်ဆီးနိုင်ခဲ့ကာ အပျက်အစီးများကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများပျက်စီးသဖြင့် ဒေသခံ ၁၆၀ ခန့် လျှပ်စစ်မီးခေတ္တပြတ်တောက်ခဲ့ရသည်။

မော်စကိုမြို့တော်အနီး ချဉ်းကပ်လာသော ဒရုန်းခြောက်စင်းကိုလည်း ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း မြို့တော်ဝန်ကပြောသည်။ သို့သော် မော်စကိုမြို့အရှေ့ဘက်ကီလိုမီတာ ၆၀၀ အကွာရှိ ချီဘိုဆာရီမြို့တိုက်ခိုက်ခံရမှုသို့ သေဆုံးသူများရှိကြောင်း ရုရှားအစိုးရစုံစမ်းစစ်ဆေးရေးကော်မတီက အတည်ပြုထားသည်။

Ref: RT

၁၉၉၃ ခုနှစ်နောက်ပိုင်း ချယ်လ်ဆီးအသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ခြောက်ပွဲဆက်ရှုံးနိမ့်



လန်ဒန် မေ ၅

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၅)အဖြစ်ကစားသည့် ချယ်လ်ဆီးအသင်းနှင့် နော်တင်ဟမ်အသင်းတို့ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ ၃ ဂိုး - ၁ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ၁၉၉၃ ခုနှစ်နောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခြောက်ပွဲဆက် ရှုံးနိမ့်သည့်မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ယခုဘောလုံးရာသီအစ ပိုင်း၌ နည်းပြမာရက်ကာလက်အောက်တွင် ရလဒ်ကောင်းများရရှိခဲ့သော်လည်း အသင်းတာဝန်ရှိသူများနှင့် နည်းပြ မာရက်ကာတို့အကြား ဆက်ဆံရေးတင်းမာမှုများကြောင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက နည်းပြ မာရက်ကာက အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် နည်းပြမာရက်ကာကို ရာထူးမှ ထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် ရိုစင်နီယာကို ၂၀၃၂ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခန့်အပ်ခဲ့သော်လည်း ချယ်လ်ဆီးအသင်းသည် နည်းပြရိုစင်နီယာလက်အောက်တွင် ရလဒ်များဆက်တိုက် ဆိုးရွားလာသည့်အတွက် နည်းပြရိုစင်နီယာကို စာချုပ်ဖျက်သိမ်းကာ နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် နည်းပြရိုစင်နီယာကို ရာထူးမှထုတ်ပယ်ပြီးနောက် ယခုဘောလုံးရာသီကုန်အထိ ယာယီနည်းပြအဖြစ် မက်ဖာလန်ကို တာဝန်ပေးအပ်ခဲ့သော်လည်း ယာယီနည်းပြမက်ဖာလန် လက်အောက်တွင်လည်း ရလဒ်များဆက်လက်ဆိုးရွားနေကာ ရုန်းကန်နေရခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ယခုနှစ် မတ်လ ၅ ရက်က အက်စ်တွန်ဗီလာအသင်းကိုအနိုင်ရရှိပြီးနောက် နယူးကာဆယ်အသင်းကို ၁ ဂိုး-ဂိုးမရှိ၊ အဲဗာတန်အသင်းကို ၃ ဂိုး-ဂိုးမရှိ၊ မန်စီးတီးအသင်းကို ၃ ဂိုး-ဂိုးမရှိ၊ မန်ယူအသင်းကို ၁ ဂိုး-ဂိုးမရှိ၊ ဘရိုက်တန်အသင်းကို ၃ ဂိုး-ဂိုးမရှိ၊ နော်တင်ဟမ်အသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ပြီး ခြောက်ပွဲဆက်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် နော်တင်ဟမ်အသင်းကို ရှုံးနိမ့်ပြီးနောက် ချန်ပီယံလိဂ်ဝင်ခွင့် နောက်ဆုံးနေရာဖြစ်သည့်အဆင့်(၅)နေရာမှ အက်စ်တွန်ဗီလာအသင်းနှင့် ရမှတ် ၁၀ မှတ်ကွာဟနေပြီး ချန်ပီယံလိဂ်ဝင်ခွင့်နှင့်လွဲချော်ရမည်ဖြစ်ကြောင်း သိရသည်။ ***Ref;ESPN***

ရီးယဲလ်မက်ဒရစ်အသင်း ကစားသမား မန်ဒီ ဒဏ်ရာကြောင့် ငါးလခန့်အနားယူရမည်

မက်ဒရစ် မေ ၅

ရီးယဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား မန်ဒီသည် ခြေထောက်ကြွက်သားဒဏ်ရာကြောင့် ငါးလခန့်အနားယူရမည်ဖြစ်ကြောင်း သိရသည်။

မန်ဒီသည် ရီးယဲလ်မက်ဒရစ်အသင်းက အက်စ်ပန်ညိုအသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ် ၌ ပွဲချိန် ၁၄ မိနစ်တွင် ခြေထောက်ကြွက်သားဒဏ်ရာ ရရှိပြီးနောက် လူစားလဲထွက်ခွာခဲ့ရပြီး အသေးစိတ် ဆေးစစ်မှုများလုပ်ဆောင်ပြီးနောက် ဒဏ်ရာမှာ ပြင်းထန်သည့်အတွက် ကာလရှည်အနားယူရမည့် အရေးနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။

မန်ဒီသည် ယခုဘောလုံးရာသီတွင် အစောပိုင်း ကလည်း ဒဏ်ရာပြဿနာများကြောင့် ကာလရှည် အနားယူခဲ့ရပြီး ဒဏ်ရာမှ ပြန်လည်သက်သာလာပြီး နောက် ပြန်လည်ကစားနိုင်သော်လည်း ယခုအခါ ထပ်မံဒဏ်ရာရရှိသည့်အတွက် လာမည့်ဘောလုံး ရာသီအစပိုင်းပွဲစဉ်များအထိ လွဲချော်ရမည်ဖြစ်သည်။

မန်ဒီသည် ယခုဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် အသင်းနှင့်အတူ ပြိုင်ပွဲစုံကိုးပွဲသာ ပါဝင်ကစားနိုင်ခဲ့ကြောင်း သိရသည်။

Ref;Fabrizio Romano

မန်ယူအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိပြီးနောက် တိုက်စစ်မှူး ဟယ်ရီကိန်းအား ခေါ်ယူရန် စတင်ကြိုးပမ်း

မန်ချက်စတာ မေ ၅

မန်ယူအသင်းက လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရန် သေချာပြီးနောက် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းအား ခေါ်ယူရန်စတင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ၂၀၂၈ ခုနှစ်အထိ စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း စာချုပ်ပါအချက်အလက်များအရ လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့လိုသည့်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၅ သန်းဖြင့် ပြောင်းရွှေ့ကစားနိုင်မည့် အချက်ပါဝင်နေသည့်အတွက် ဟယ်ရီကိန်းကိုယ်တိုင်က ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာဖွယ်ရှိနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဟယ်ရီကိန်းကို စပါးအသင်းတွင် ကစားစဉ်ကတည်းက ခေါ်ယူရန်ကြိုးပမ်းဖူးပြီး မအောင်မြင်ခဲ့ဘဲ ဟယ်ရီကိန်းက ဘိုင်ယန်မြူးနစ်အသင်းသို့သာ ပြောင်ရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဒုတိယအကြိမ် ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်မည့် မှတ်တမ်းကောင်းတစ်ရပ်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ကစားလိုသည့်အတွက် မန်ယူအသင်းကခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၅၂ ပွဲကစားပြီးချိန်တွင် ၅၇ ဂိုးသွင်းယူနိုင်သည်အထိ ခြေစွမ်းပြလျက်ရှိနေကြောင်း သိရသည်။

Ref;Transfer News



နယူးကာဆယ်အသင်းက နည်းပြဟိုဝီနှင့်ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် လာမည့်ဘောလုံးရာသီတွင် ဆက်လက်တာဝန်ပေးအပ်ရန်ဆုံးဖြတ်ထား

လန်ဒန် မေ ၅

နယူးကာဆယ်အသင်းက နည်းပြဟိုဝီနှင့်ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် လာမည့်ဘောလုံးရာသီတွင် နည်းပြဟိုဝီအား ဆက်လက်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဆင့်(၅)နေရာ၌ ရပ်တည်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားခဲ့ပြီးနောက် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ရပြီးနောက် နည်းပြဟိုဝီအနေဖြင့်လည်း အနာဂတ်မရေမရာဖြစ်လာသည်။

နယူးကာဆယ်အသင်းတာဝန်ရှိသူများနှင့် နည်းပြဟိုဝီတို့ အနာဂတ်နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများလုပ်ဆောင်ရာတွင် နည်းပြဟိုဝီက ယခုဘောလုံးရာသီတွင် တွေ့ကြုံနေသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို အသင်းတာဝန်ရှိသူများထံ တင်ပြပြီးနောက် အသင်းတာဝန်ရှိသူများကလည်း နည်းပြဟိုဝီတင်ပြမှုများအပေါ်လက်ခံပြီး လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် နည်းပြဟိုဝီ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဆုံးဖြတ်ပြီးနောက် နည်းပြဟိုဝီအား ဆက်လက်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဟိုဝီသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို ကာရာဘောင်းဖလားဆွတ်ခူးပေးနိုင်ခဲ့သည့်အတွက် အသင်းတာဝန်ရှိသူများက နည်းပြဟိုဝီအား လာမည့်ဘောလုံးရာသီတွင်လည်း အသင်းကို ကိုင်တွယ်နိုင်မည့်အခွင့်အရေး ဆက်လက်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် ယခုဘောလုံးရာသီ၌ ၃၅ ပွဲကစားပြီးချိန်တွင် ၁၃ ပွဲနိုင်၊ ခြောက်ပွဲသရေနှင့် ၁၆ ပွဲ ရှုံးရလဒ်ရရှိထားပြီး တန်းဆင်းဇုန်မှ ဝက်စ်ဟမ်းအသင်း၊ ဘန်လေအသင်းနှင့် ဝုဗ်အသင်းတို့ပြီးလျှင် ရှုံးပွဲအများဆုံးအသင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။ ***Ref;Fotmob***

Smart School နှင့် Football for School Program
အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၅

Smart School နှင့် Football for School Program အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ အခြေခံပညာဦးစီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက်တွင်ပါဝင်သည့် Smart School နှင့် Football for School Program အကောင်အထည်ဖော်ဆောင်မည့်အခြေအနေများကို စံနှုန်းများသတ်မှတ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကနဦးအနေဖြင့် တိုင်းဒေသကြီးခြောက်ခုတွင် Smart School နှင့် Football for School အဖြစ် Pilot Project စတင်ဆောင်ရွက်မည်ဖြစ်ပြီး လာမည့်နှစ်များတွင် တိုးချဲ့ဆောင်ရွက်နိုင်ရေး အစီအမံများတိကျစွာရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရလဒ်များပေါ်တွင် အခြေခံ၍ လုပ်ငန်းများ၏တိုးတက်မှုကို အမြဲမပြတ်လေ့လာဆန်းစစ်ပြီး ရေရှည်တည်တံ့သောစီမံကိန်းဖြစ်လာစေရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ Smart School နှင့် Football for School Program အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက Smart School နှင့် Football for School Program အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်တက်ရောက်လာသူများက Smart School နှင့် Football for School Program ဆောင်ရွက်မည့် ကျောင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ မြဝတီ

ဝမ်းနည်းကြေကွဲခြင်း
ဦးသောင်းရှိန်
အသက်(၈၀)နှစ်

ဦးဝင်းလွင်ဦး၏ဖခင်ဖြစ်သူ ဦးသောင်းရှိန်သည် ၅-၅-၂၀၂၆ ရက် (အင်္ဂါနေ့)နံနက် ၁၁:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ
ကျောင်းဆင်းများနှင့် မိသားစုများ

ဖခင်အမည်မှန်
ရွှေညောင်မြို့၊ အောင်သပြေ၊ စဉ်ဟယ် ရပ်ကွက်နေ မောင်ကြည်သန့်၏ ၉/သပက (နိုင်)၀၇၀၉၅၆ ၏ဖခင်အမည်မှန်မှာ ဦးရဲဝင်း ၁၄/ငပတ(နိုင်)၀၀၃၄၃၄ ဖြစ်ပါကြောင်း။
ဦးရဲဝင်း

အမည်ပြောင်း
အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-11 မှ မှတ်ပုံတင်အမှတ် ၁၃/ကတန(နိုင်)၂၂၄၄၉၉ ကိုင်ဆောင်သူ (ဘ)ဦးအောင်ကိုမင်း၏သမီးဖြစ်သူ မရတနာနိုဝန်အား မရတနာရွှေရည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မရတနာရွှေရည်

ပျောက်ဆုံးကြောင်း
စောထွန်းကို(ဘ)ဦးလူလူ ၃/ဘအန(နိုင်)၂၀၄၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 607815)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
မိုဉ်မေသဏ္ဍာနိုင်(ဘ)ဦးထွန်းထွန်း ၇/ပခတ(နိုင်)၁၁၇၇၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၄၀၆၇၂၆

ပျောက်ဆုံးကြောင်း
ဖိုးချမ်းသာ(ဘ)ဦး၀င်းရွှေ ၉/သစန(နိုင်)၁၇၆၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
ဖြိုးသူဇာလှိုင်(ဘ)ဦးဌေးမြင့် ၇/ပတန(နိုင်)၁၂၉၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
မိုမိုလွင်(ဘ)ဦးမြသိန်း ၁၄/ညတန(နိုင်)၁၂၈၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
သန္တာ(ဘ)ဦးထွန်းခင် ၁၂/သကတ(နိုင်)၁၅၉၉၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
ကျော်မိုး(ဘ)ဦးတင်အောင် ၇/လပတ(နိုင်)၀၉၇၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၁၂၂၇

ပျောက်ဆုံးကြောင်း
အေးသက်မာ(ဘ)ဦးစိန်သောင်း ၇/လပတ(နိုင်)၀၉၇၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၁၂၂၇

ပျောက်ဆုံးကြောင်း
နန်းသဇင်ဦး(ဘ)ဦးထွန်းမင်းလတ်၇/ကဝန(နိုင်)၂၀၅၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၁၂၂၇

ပျောက်ဆုံးကြောင်း
သန်းသန်းစိုး(ဘ)ဦးသန်း၀င်း ၈/စလန(နိုင်)၂၄၆၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၉၈၅၄၅၅

ပျောက်ဆုံးကြောင်း
ဝင်းသန်း(ဘ)ဦးကြာထွန်း ၁၄/ညတန(နိုင်)၁၀၁၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၆၉၃၁၈၉၀

ပျောက်ဆုံးကြောင်း
နန်းဆွေဇင်မြင့်(ဘ)ဦးခွန်ရဲမြင့် ၁၂/အစန(နိုင်)၂၃၂၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၀၀၇၉၃၉

ပျောက်ဆုံးကြောင်း
ရဲဘိုအောင်(ဘ)ဦးအောင်ကျော်စိုး ၈/ပခက(နိုင်)၂၅၅၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၄၁၅၂၅၆

ပျောက်ဆုံးကြောင်း
မွန် မွန် အောင် (ဘ)ဦးပု ၇/ရတရ(နိုင်)၀၈၀၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 375937)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၃၉၈၄၆၉

ပျောက်ဆုံးကြောင်း
အိသက်လွင်(ဘ)ဦးသန်း၀ ၈/စလန(နိုင်)၂၄၁၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၁၂၀၈၄

ပျောက်ဆုံးကြောင်း
လှထားနွယ်(ဘ)ဦးဇော်၀င်း ၁၂/သခန(နိုင်)၁၄၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 323225)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၈၀၉၈၄၉

ပျောက်ဆုံးကြောင်း
နန်းစန်းစန်းအေး(ဘ)ဦးနိမ်းရွှေ ၃/လဘန(နိုင်)၁၆၄၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 062649)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
သန်းဇော်(ဘ)ဦးမောင်ရင် ၁၂/ဥကတ(နိုင်)၀၁၁၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 650602)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၇၀၆၆၁၁

ပျောက်ဆုံးကြောင်း
ဇင်မျိုးအောင်(ဘ)ဦးဌေး၀င်း ၁၄/မအန(နိုင်)၂၇၀၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၂၄၇၀၆၄၃၃

ပျောက်ဆုံးကြောင်း
မြင့်သိန်း(ဘ)ဦးအောင် ၁၂/ဥကတ(နိုင်)၀၇၇၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၅၀၂၄၀၈

ပျောက်ဆုံးကြောင်း
စောထွန်းဘွား(ဘ)ဦးကျော်စိန် ၃/ကဆက(နိုင်)၀၂၀၅၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၁၁၆၂၆၃၉

ပျောက်ဆုံးကြောင်း
ခင်ဌေးဝင်း(ဘ)ဦးဘဟန် ၁၂/သဃက(နိုင်)၀၃၁၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၅၆၅၉၁၀၆

ပျောက်ဆုံးကြောင်း
မိုးမိုးအောင်(ဘ)ဦးအောင်ကြည်စိန် ၈/အလန(နိုင်)၁၅၉၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
အေးသီတာထွေး(ဘ)ဦးကွန်ဒါသာသမား ၇/သ၀တ(နိုင်)၀၆၈၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 921831)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၆၆၆၅၇

ပျောက်ဆုံးကြောင်း
သီတာဝင်း(ဘ)ဦးဝိုင်း ၁၄/ညတန(နိုင်)၀၉၈၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၆၉၃၀၈၉၀

ပျောက်ဆုံးကြောင်း
ကြည့်မြင်တိုင်းမြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ရိပ်သာလမ်းမတန်း၊ အမှတ်(၂၇)နေ ကျော်ဇေယျ(ဘ)ဦးစံထူး ၁၂/ကမတ(နိုင်)၀၆၆၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 298163)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၄၀၅၁၀၉၈

ပျောက်ဆုံးကြောင်း
မှော်ဘီမြို့၊ သန္ဓေပင်အုပ်စုနေ သန်းထွန်းအောင်(ဘ)ဦးချစ်ထွန်း ၁၁/ဘသတ(နိုင်)၀၁၈၈၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၁၂၂၇

ပျောက်ဆုံးကြောင်း
၀မ်းတွင်းမြို့နယ်၊ ကြွယ်ကန်ကျေးရွာနေ ခင်မောင်ထွန်း(ဘ)ဦးသောင်းရွှေ၉/၀တန(နိုင်)၁၂၈၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၁၂၂၇

(၁)လပြည့် လွမ်းဆွတ်သတိရခြင်း
ဒေါစန်းစန်းမော်(ခ)ဒေါ်နိုးနိုး
အသက်(၆၁)နှစ်

ကျေးဇူးရှင်မိခင်ကြီးကွယ်လွန်ခဲ့သည်မှာ (၃-၅-၂၀၂၆)ရက်နေ့တွင် (၁)လပြည့်ပြီဖြစ်သော်လည်း မိသားစုအားလုံးက မိခင်ကြီး၏ကျေးဇူးတရားကို သတိရအောက်မေ့ဆဲပါ။ မိခင်ကြီးအတွက် ရည်စူး၍ပြုလုပ်သောကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။ မိခင်ကြီးရောက်ရာဘုံဘဝမှာ မြင့်နိုင်ကြားနိုင် သာဓုခေါ်နိုင်ပါစေ။

သားကြီး မောင်ဇော်မြတ်နိုး

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့နယ်၊ ညောင်ကန်ကျေးရွာနေ၊ ဦးပိုင်အမှတ်(၃၂၂)၊ ကွင်းအကွက်အမှတ်(၆၁၁/၂၀၂၇/ညောင်ကန်တောင်)၊ ဦးမျိုးမင်းကိုကို(၁၃/ကခန(နိုင်)၀၇၃၀၀၃)ကိုင်ဆောင်သူမှ (အလျား ၃၆'-၀"x အနံ ၄၀'-၀")RC(၂)ထပ်ဆောက်လုပ်ခွင့်ပြုပုံရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါကဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဦးသောင်းရှိန်
အသက်(၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လက်ခုပ်ပင်လမ်း၊ တိုက်(၂၅)၊ အခန်း(၂)နေ ဒေါ်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်လွင်ဦး-ဒေါ်ကေခိုင်မြင့်၊ ဦးဝင်းလွင်ဦး-ဒေါ်စိမ်းစန္ဒာ၊ ဦးမျိုးမြင့်အောင်- ဒေါ်ခင်သီတာလွင်၊ ဒေါ်မြင့်သူဇာတို့၏မွေးသဖခင်မြေး(၇)ယောက်တို့၏ အဘိုးသည် ၅-၅-၂၀၂၆ ရက် (အင်္ဂါနေ့)နံနက် ၁၁:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၆ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁: ၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

ပညာရေးနည်းပြများအလိုရှိသည်

၁။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများနှင့် ပညာရေးကျောင်းများတွင် ပညာရေးနည်းပြ(စာပေ) အဖြစ် အမှုထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ပညာရေးဘွဲ့ရရှိသူများအား ဦးစားပေးမည်။)

(ဂ) အသက် ၃၀ နှစ်ထက် မကြီးစေရ။

(ဃ) ကျန်းမာရေးကောင်းမွန်ရမည်။

(င) မည်သည့်ပညာရေးကျောင်းများတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများယူဆောင်လာရမည်-

(က) ကိုယ်ရေးအချက်အလက်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်းနှင့်မိတ္တူ)။

(ဂ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်းနှင့်မိတ္တူ)။

(ဃ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှဘွဲ့ရရှိကြောင်း ထောက်ခံချက်၊ သို့မဟုတ် ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)။

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာကျေးရွာ/ရပ်ကွက်နှင့် ရဲတပ်ဖွဲ့စခန်းတို့မှ ထောက်ခံချက်များ။

၃။ လျှောက်ထားလိုပါက အရည်အချင်းပြည့်မီခြင်း ရှိ/မရှိ စစ်ဆေးခံရန် အောက်ပါပညာရေးကျောင်းများသို့ ၁-၅-၂၀၂၆ ရက်မှစ၍ လူကိုယ်တိုင်သွားရောက်လျှောက်ထားနိုင်သည်-

(က) အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်မြို့)။

(ခ) အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)။

(ဂ) အမှတ်(၁)ပညာရေးကျောင်း(မြိတ်မြို့)။

(ဃ) အမှတ်(၂)ပညာရေးကျောင်း(မိတ္ထီလာမြို့)။

(င) အမှတ်(၃)ပညာရေးကျောင်း(အောင်ပန်းမြို့)။

(စ) အမှတ်(၄)ပညာရေးကျောင်း(ရဲမွန်မြို့)။

(ဆ) အမှတ်(၅)ပညာရေးကျောင်း(တောင်ငူမြို့)။

(ဇ) အမှတ်(၆)ပညာရေးကျောင်း(မော်လမြိုင်မြို့)။

(စျ) အမှတ်(၇)ပညာရေးကျောင်း(မြစ်ကြီးနားမြို့)။

(ည) အမှတ်(၈)ပညာရေးကျောင်း(လားရှိုးမြို့)။

(ဋ) အမှတ်(၉)ပညာရေးကျောင်း(ပုသိမ်မြို့)။

(ဌ) အမှတ်(၁၀)ပညာရေးကျောင်း(စစ်တွေမြို့)။

(ဍ) အမှတ်(၁၁)ပညာရေးကျောင်း(မုံရွာမြို့)။

(ဎ) အမှတ်(၁၂)ပညာရေးကျောင်း(ကျိုင်းတုံမြို့)။

၄။ ရွေးချယ်ခန့်အပ်ခြင်းခံရပါက အောက်ပါအကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါသည်-

(က) **လစာ**

	အဆင့်/အတန်း	အခြေခံလစာ	နှစ်တိုး	ပေါင်း
(၁)	တပ်ကြပ်ကြီး/နည်းပြ(စစ်သည်အစားခန့်)	၁၉၈၀၀၀	၂၀၀၀	၂၀၈၀၀၀
(၂)	ဒုတိယအရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်)	၂၁၆၀၀၀	၂၀၀၀	၂၂၆၀၀၀
(၃)	အရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်)	၂၃၄၀၀၀	၂၀၀၀	၂၄၄၀၀၀

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၁၀၀၀၀ ကျပ်အထိ ခံစားခွင့်ရှိသည်။ အပိုထောက်ပံ့ငွေအားနိုင်ငံ့ဝန်ထမ်းများနည်းတူခံစားခွင့်ရှိသည်။

(ခ) နေအိမ်၊ ရေ၊ မီးနှင့် တပ်မတော်ဆေးရုံ/ဆေးခန်းများတွင် ဆေးကုသခွင့် အခမဲ့ ခံစားခွင့်ရရှိမည်။

(ဂ) လုပ်သက် ၅ နှစ်ပြည့်ပါက ပညာရေးဒီပလိုမာစာပေးစာယူသင်တန်းသို့ တက်ရောက်ခွင့်ရရှိရေးဆောင်ရွက်ပေးမည်။

(ဃ) သက်ဆိုင်ရာကျောင်းမှ ကျောင်းဝတ်စုံ တစ်နှစ်လျှင် ၂ စုံနှုန်း ထောက်ပံ့ပေးခြင်းနှင့် အခြားထောက်ပံ့မှုများအား အခါအားလျော်စွာ ဆောင်ရွက်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာပညာရေးကျောင်းများနှင့် ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြဝတီဘဏ်လိမိတက်
MYAWADDY BANK LIMITED

“ စိတ်ချရတာ မြဝတီဘဏ် ”



UnionPay MPU

Card Services

- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce



Phone No : (01) 2301367, 2301368, 2301452, 2301378

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလိမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd

ငါး/ပုစွန် မြုပြင်အေးခဲထုတ်လုပ်ခြင်း (အသေးစန်းစက်ရုံ)





အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ





လိုင်းတွန်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ





ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြို့ကြိမ်မက်မောစွာ အသုံးပြုနေသော







ဖြူဦးလွင် နန်းမြိုင်ကော်ဖီ

PURE ARABICA COFFEE

နှင့်

Mount Pleasant Coffee

ပင်ရင်းအရောင်း - ဖုန်း - ၀၈၅ ၂၀၂၁၇၀၊ ၀၉ ၃၀၅၂၉၁၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်



DENTOMEC

ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒုတိယသမ္မတ ဦးညီစော နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီစော နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၅

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ (MICC - I) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သန္ဓေ၊ အရန်၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဦးညီစောက အမှာစကားပြောကြားရာတွင် ယနေ့သည်တိုင်းရင်းသားမိဘပြည်သူများ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်းများကို **စာမျက်နှာ ၅ ကော်လံ ၁ ■**

တပ်မတော်စစ်ကြောင်းများက KIA နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား ပြန်လည်ထိန်းချုပ်



နေပြည်တော် မေ ၅

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်ဒေသများ၌ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်ပြီး အဆင့်ဆင့် **စာမျက်နှာ ၂၂ ကော်လံ ၁ ○**

တပ်မတော်စစ်ကြောင်းများက KIA နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မော်လူးမြို့အား ပြန်လည်သိမ်းပိုက်ရရှိစဉ်။

တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁)စာအုပ်ထုတ်ဝေဖြန့်ချီ စာ - ၁၁ သို့

နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁ ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် စာ - ၁၀ သို့

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မလေးရှားသို့ သယ်ဆောင်မည့် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း)၉၃ ကီလို ကျော်ဖမ်းဆီးရမိ စာ - ၂၅ သို့

